# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၂)


## သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ၏ မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် မလွှဲမရှောင်သာသော အခြေအနေများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၁-၂-၂၀၂၁ ရက်နေ့တွင် သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းအချို့၊ ပြည်ပနိုင်ငံအချို့နှင့် မီဒီယာအချို့တို့က မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို နားလည်ခြင်းမရှိဘဲ ၁-၂-၂၀၂၁ ရက်နေ့ ဖြစ်ရပ်အပေါ် စစ်အာဏာသိမ်းမှုအဖြစ် ရှုမြင်စွပ်စွဲဝေဖန်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ဆူပူလှုပ်ရှားမှုများကိုလည်း စစ်အာဏာရှင်ဆန့်ကျင်ရေး အုံကြွမှုအဖြစ် ပုံဖော်ဖန်တီးလျက်ရှိကြောင်း တွေ့ရသည်။

အမှန်စင်စစ်၌ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စတင်ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်သည် တပ်မတော်က ၂၀၀၃ ခုနှစ်မှစ၍ ချမှတ်လမ်းခင်းပေးခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ် (၇) ရပ်၏ ကြိုးပမ်းမှုရလဒ်ဖြစ်သည်။ တပ်မတော်က ပြည်သူလူထု ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ကျင်းပခဲ့သော အမျိုးသားညီလာခံမှ ထွက်ပေါ်လာသည့် အခြေခံမူများကို အခြေပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အတည်ပြုနိုင်ခဲ့ပြီး ယင်းအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်သန့်ရှင်းစွာ ကျင်းပကာ ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ စတင်အသွင် ကူးပြောင်းပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရန် တပ်မတော်က အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သည်။

တပ်မတော်သည် ပါတီစုံဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ ဗိသုကာဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ စည်းကမ်းပြည့်ဝ၍ ရင့်ကျက်သော ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးရေးကို အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည်။ ဒီမိုကရေစီလမ်းကြောင်းမှ မသွေဖည်စေရေးအတွက်လည်း မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတွင် မီးရထားကဏ္ဍဖွံ့ဖြိုးရေးသည် အရေးကြီး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ စီမံကိန်းရှိ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁) ဖြစ်သည့် ရန်ကုန် - တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ယနေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ တောင်ငူ-ညောင်လေးပင် လမ်းပိုင်း (CP-103) စီမံကိန်း (အုတ်တွင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၅) တောင်ငူမှ တိုင်းအရာရှိများ တိုင်းအမှတ် (၆) ရန်ကုန်မှ တိုင်းအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စီမံကိန်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရထားလမ်းစီမံကိန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍

*စာမျက်နှာ ၄ ကော်လံ ၁* ●



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)ဖြစ်သည့် ရန်ကုန်- တောင်ငူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**အဖိုးတန်သော ငယ်ရွယ်နုပျိုမှုများ ပျောက်ရှမသွားရလေအောင် ...**

ဆောင်းပါး စာ » ၆

**CDM လှုပ်ရှားမှုတွေအပါအဝင် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့် ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို ဆန့်ကျင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း ပညာဆက်လက်သင်ကြားချင်ပါတယ်**

အင်တာဗျူးဆောင်းပါး စာ » ၈

မြန်မာ့အလင်း

# မေတ္တာနှင့် စေတနာသက်သေ

အမိမြေပေါ်ပြန်လည်ခြေချလာနိုင်ခဲ့သည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးနှင့် ၎င်းတို့၏မိသားစုဝင်များ ပြန်လည်ဆုံစည်းကြရသည့်သတင်းက ကြည်နူးဝမ်းမြောက်စရာပင်ဖြစ်သည်။ သူတို့အားလုံးမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ပိတ်မိနေခဲ့ကာ ဒုက္ခမျိုးစုံကို ခံစားခဲ့ကြရသူများလည်း ဖြစ်သည်။ မိသားစုများ ဘဝရပ်တည်နိုင်ရေးအတွက် တစ်ပြည်ရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြရာမှ ဒုက္ခကြုံတွေ့ခဲ့ရသူများတွင် မြန်မာပြည်ဖွား တိုင်းရင်းသားများ ပါဝင်နေသည်။ ၎င်းတို့နေရပ်ပြန်နိုင်ရန်အတွက် မည်သူဖြစ်ကြောင်း သက်သေလက်မှတ်(C of I) ထုတ်ယူထားရှိသူများဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဆေးစစ်အောင်မြင်ပြီးသူများတို့ကို တပ်မတော်(ရေ) မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်) တို့ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ထွက်ခွာကာ သွားရောက်ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မွေးရပ်နိုင်ငံဆီသို့ ပြန်လည်ရောက်ရှိလာကြသူများ၏ ရေခြားမြေခြား ဒုက္ခအတွေ့အကြုံများနှင့် မိသားစုများနှင့် ပြန်လည်တွေ့ဆုံကြသည့်အချိန် ဝမ်းမြောက်ဝမ်းသာကြည်နူးမှုတို့က မြင်ရကြားရသူအပေါင်း စိတ်လှုပ်ရှားစရာ၊ စုတ်တသပ်သပ်နှင့် ကရုဏာသက်စရာ၊ မုဒိတာပွားဖွယ်ရာဖြစ်သည်။ သို့ရာတွင် တပ်မတော်ရေယာဉ်များဖြင့် မိမိနိုင်ငံသူနိုင်ငံသားများကို သွားရောက်ခေါ်ယူနေစဉ်အတွင်း ထွက်ပေါ်လာသည့် သတင်းများတွင်မူ တစ်ချက်မျှပင် အကောင်းမပါ။ လူ့အခွင့်အရေးအမည်ခံအဖွဲ့များက ဒုက္ခသည်များအရေး စိုးရိမ်မိကြောင်း ပြောသူကပြော၊ မြန်မာ့တပ်မတော်က သွားရောက်ခေါ်ယူမှု မအောင်မြင်ခြင်းကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားကြောင်း မမှန်သတင်းရေးသူရေးနှင့် သတင်းဆိုးများကိုသာ ပြည်သူတို့ ဖတ်ရှုကြားသိခဲ့ကြရသည်။ မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် မိမိတို့နိုင်ငံသားများ ထိန်းသိမ်းခံနေရစဉ်အတွင်း ဒုက္ခမျိုးစုံကြုံတွေ့နေခဲ့ရစဉ်ကမူ မည်သည့်လူ့အခွင့်အရေးအဖွဲ့အစည်းကမျှ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားသူမရှိခဲ့။ နေရပ်ပြန်သည့် မြန်မာများကို မြန်မာ့တပ်မတော်(ရေ) စစ်ရေယာဉ်ကြီးများပေါ်တွင် နွေးထွေးစွာကြိုဆို၊ စနစ်တကျနေရာချထားပေး၊ မေတ္တာ စေတနာအပြည့်ဖြင့် ကျွေးမွေး၊ လမ်းခရီးတစ်လျှောက်လုံခြုံရေး၊ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့နှင့်အတူ လိုက်ပါလာသူ မြန်မာတို့ ပျော်ရွှင်ကြည်နူးမှု၊ ဝမ်းမြောက်မှုပုံရိပ်များကို သတင်းအမှန်များတွင် မျက်ဝါးထင်ထင် မြင်တွေ့ပြီးသည့်နောက် သတင်းတု၊ သတင်းယောင်၊ သတင်းမှားတို့ နေလာနှင်းပျောက် ဆိုသကဲ့သို့ ပျောက်ကွယ်သွားကြသည်။

နိုင်ငံရေးအရ ညစ်ညမ်းတိုက်ကွက်များဖြစ်သော မြန်မာနိုင်ငံသားမဟုတ်သူများကို ခေါ်ဆောင်လာခြင်းဖြစ်သည်ဆိုသည့် လုပ်ကြံသတင်းမျိုး၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရခြင်း ရှိ မရှိ စစ်ဆေးခြင်းမပြုဘဲ ခေါ်ဆောင်လာပြီး မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ထပ်မံဖြစ်ပေါ်လာအောင် ပြုလုပ်သည်ဆိုသည့် သတင်းတု၊ သတင်းယောင်မျိုးတို့မှာလည်း နှုတ်ဆိတ်ငြိမ်သက်သွားကြသည်။ လက်ရှိအခြေအနေတွင်မူ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသူ ၁၀၈၆ ဦးတို့ကို တပ်မတော်မှ ဖွင့်လှစ်ထားသည့် ကွာရန်တင်းစင်တာများတွင် ကိုဗစ်-၁၉ ကင်းစင်မှုအတွက် စနစ်တကျ စောင့်ကြည့်လျက်ရှိသည်။ ယင်းနောက် နေရင်းရပ်ရွာများဆီ ပြန်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ဆောင်ရွက်ပေးသွားဦးမှာ ဖြစ်သည်။

မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဖြစ်နေသူများအား ပြန်လည်ခေါ်ယူရေးမှာ အတားအဆီး၊ အခက်အခဲ၊ အနှောင့်အယှက်များ ရှိခဲ့သည်။ သို့ရာတွင် မိမိတို့နိုင်ငံသား တိုင်းရင်းသားများ နိုင်ငံရပ်ခြားတွင် ဒုက္ခကြုံတွေ့နေရသည့်အပေါ် တပ်မတော်၏ ဇွဲလုံ့လဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းက မိမိနိုင်ငံသား တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မေတ္တာနှင့် စေတနာသက်သေများဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ဆေးရုံများမဖွင့်နိုင်ရန် နှောင့်ယှက်သူများကို အရေးယူဆောင်ရွက်သွားရမည်

**COVID-19 ကာကွယ်ရေးကိစ္စမှာ ရပ်ထား၍မရကြောင်း၊ တစ်ကမ္ဘာလုံးတွင် COVID-19 ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေ ၁၁၃ သန်းကျော် ကူးစက်ခံခဲ့ရပြီး ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၁ ဒသမ ၄ သိန်းကျော် ကူးစက်ခံခဲ့ရပြီး လူဦးရေ ၃၂၀၀ နီးပါးသေဆုံးခဲ့ကြောင်း၊ လတ်တလောအခြေအနေတွင် ရောဂါ တွေ့ရှိမှုများကျဆင်းသွားပါကြောင်း၊ ယင်းမှာ စစ်ဆေးမှုနှုန်း နည်းသည့်အတွက် တွေ့ရှိမှုနှုန်း နည်းပါးသွားခြင်းဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့်ရက်သတ္တပတ်များက လူစုလူဝေး ဖြစ်ပွားမှုကြောင့် COVID-19 ရောဂါမကူးစက်နိုင်ဟု အာမမခံနိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း CDM ဝန်ထမ်းများကြောင့် ဆေးရုံ၊ ဆေးခန်းများပိတ်ထားရပါကြောင်း သို့သော်လည်း ပြည်သူ၏ ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုမပေးသည်မှာ မလုပ်သင့် မလုပ်အပ်သည့် အလုပ်ဖြစ်ပါကြောင်း၊ ဆေးရုံများမဖွင့်နိုင်ရန် နှောင့်ယှက်သူများကို အဓိကသက်ဆိုင်သည့်ဝန်ကြီးဌာနက အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

◆ *ရှေ့ဖုံးမှ*

၈-၁၁-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲစာရင်းကွာဟမှု ပြဿနာများ ကြီးသိတွေ့ရှိရသည့်အတွက် တပ်မတော်က မဲစာရင်းများကို စနစ်တကျ လေ့လာစိစစ်မှုများ ပြုလုပ်ခဲ့သည်။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission – UEC)၏ တရားဝင် ထုတ်ပြန်ခဲ့သော မဲစာရင်းများအပေါ် စိစစ်တွေ့ရှိချက်များအရ မဲမသမာမှု ပြုလုပ်နိုင်သည့် မဲစာရင်းပေါင်း ၁၀,၄၈၂,၁၁၆ (ဆယ်သန်း လေးသိန်းကျော်) ရှိခဲ့သည်။ ယခင် UEC ၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဦးရေ (၃၈) သန်းရှိပြီး ၎င်းအနက် (၁၀) သန်းကျော် မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ် တွေ့ရှိခဲ့ရမှုမှာ မဲပေးပိုင်ခွင့်ရှိသူ လူပမာဏ၏ လေးပုံတစ်ပုံကျော် (၂၅ % ကျော်) ဖြစ်သည်။

မဲစာရင်းကွာဟမှုများ စတင်တွေ့ရှိခဲ့သည့်အချိန်ကပင် ယခင် UEC အနေဖြင့် ဖြေရှင်းဆောင်ရွက် ပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့သော်လည်း ငြင်းဆန်ခဲ့သည်။ မဲစာရင်းစိစစ် တွေ့ရှိချက်နှင့် စပ်လျဉ်းသည့် တပ်မတော်၏ထုတ်ပြန်ချက်များအပေါ်တွင်လည်း ရေငုံနှုတ်ပိတ်နေခဲ့ သည်။ တရားဝင်မဲစာရင်းကိုလည်း ချပြရှင်းလင်းရန် ပျက်ကွက်ခဲ့သည်။

ရွေးကောက်ပွဲ ပြဿနာများကို လွှတ်တော်မျက်နှာစာတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာ နိုင်ရေးအတွက် လွှတ်တော်အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား ကိုယ်စားလှယ်များစုပေါင်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ အခြေခံဥပဒေနှင့်အညီ စာရေးသား ပေးပို့ တောင်းဆိုခဲ့သော်လည်း ငြင်းပယ်ခဲ့သည်။

အမှန်အားဖြင့် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် အခြေခံဥပဒေအရ အနည်းဆုံး ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းက အထူးအစည်းအဝေးခေါ်ယူရန်တောင်းဆိုပါက ငြင်းဆိုပိုင်ခွင့်မရှိပါ။ ယင်းအခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကျင်းပပေးရန် နိုင်ငံတော် သမ္မတထံ စာဖြင့်တင်ပြခဲ့သော်လည်း ခေါ်ယူကျင်းပခဲ့ခြင်း မရှိပါ။

ထို့ကြောင့် အဆုံးအဖြတ်ပေးနိုင်မည့်သူထံ ကိုယ်ရေးစာဖြင့် ရေးသားပေးပို့ခဲ့သည်။ အစိုးရအဖွဲ့ ကိုယ်စားလှယ်က တပ်မတော်နှင့်လာရောက်ဆွေးနွေးသည့်အတွက် အခြေအနေအကျိုးအကြောင်းများကို ရှင်းပြခဲ့သည်။ အစိုးရကိုယ်စားလှယ်များက တပ်မတော်မှရှင်းပြခဲ့သည့် အခြေအနေများကို နားလည် လက်ခံသော်လည်း အဆုံးအဖြတ်ပေးနိုင်သူထံ ပြန်လည်တင်ပြသည့်အခါ အဖြေမရရှိခဲ့ပါ။

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကျင်းပပေးရန် ဒုတိယအကြိမ် တင်ပြတောင်းဆိုခဲ့သော်လည်း **"သမ္မတနှင့် လွှတ်တော်တွင် ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ UEC နှင့်သာ သက်ဆိုင်ကြောင်းနှင့် UEC နှင့်သာ ရှင်းရန်လိုသည်"** စသည်ဖြင့်သာ အကြောင်းပြန်ခဲ့သည်။

တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို မယိမ်းမယိုင် ပိုမိုခိုင်မာစေရေးအတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှ ဝိုင်းဝန်းထိန်းကျောင်းရန် တာဝန်ရှိသည့်အားလျော်စွာ ဒီမိုကရေစီ၏အသက် ဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် လွတ်လပ်၍တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီ ထောက်ပြမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာပေးနှင့် အာဏာပိုင်မေး စာချွန်တော်အမိန့်လျှောက်ထားမှုများလည်း ဆုံးဖြတ်ချက်မချရသည့်အခြေအနေတွင် လွှတ်တော် အစည်းအဝေးများ အထမြောက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းအပါအဝင် ရွေးကောက်ပွဲပြဿနာများ အပေါ် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ၏အခွင့်အာဏာကို ထိုက်သင့်သလို ကျင့်သုံးဆောင်ရွက်နိုင်ပါလျက် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာမျှ မရှိလောက်အောင် ပျက်ကွက်ခဲ့ ပါသည်။ ယင်းပျက်ကွက်ခဲ့မှုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဥပဒေအရပေးအပ်သောတာဝန်ကို ကျေပွန်စွာမဆောင်ရွက်ခြင်းနှင့် အခြားသော အကြောင်းကိစ္စများကို ကျူးလွန်ထားခြင်းအကြောင်းများကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) အရ** နိုင်ငံတော် သမ္မတ ရာထူးနေရာလစ်လပ်သည့်အခြေအနေတွင် ဒုတိယသမ္မတ(၁)မှ ယာယီသမ္မတအဖြစ်တာဝန်ယူ၍ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်း ဆွေးနွေးကာ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူဆန္ဒပြမှုများကို နိုင်ငံ အချို့သည် ပြင်းထန်စွာအင်အားသုံး ဖြေရှင်းလေ့ရှိသော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ဆူပူဆန္ဒပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အင်အားသုံးဖြေရှင်းမှု နည်းလမ်းကို တတ်နိုင်သမျှရှောင်ကြဉ်ကာ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့်အညီ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာတွင်ဖြစ်ပေါ်ခဲ့သည့် စစ်ဘက်မှအာဏာသိမ်းမှုများကဲ့သို့ ယနေ့မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းမှုမရှိဘဲ အခြေခံဥပဒေနှင့်အခြားတည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက် လျက်ရှိခြင်း၊ စစ်အင်အားကို အလွန်အကျွံအသုံးပြု၍ မတည်ငြိမ်မှု၊ ဆူပူမှုများကို အပြင်းအထန် နှိမ်နင်း မှုမပြုခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးများတွင် စစ်အုပ်ချုပ်ရေးပုံစံဖြင့် အုပ်ချုပ်မှုမရှိဘဲ အရပ်သား၊ တိုင်းရင်း သားများပါဝင်သော စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများကိုသာ ဗဟိုအဆင့်မှ အောက်ခြေအဆင့်အထိ ဖွဲ့စည်းအုပ်ချုပ်လျက်ရှိခြင်း စသည်တို့ကို ထောက်ရှုပါက လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလတွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဝင်ရောက် ထိန်းသိမ်း စီမံဆောင်ရွက်ပေးနေခြင်းသာဖြစ်ကြောင်း ထင်ရှားလျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်တာဝန်များကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးသည့်အခါ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ပြုလုပ်ကျင်းပပေးသွားမည်ဖြစ်ပြီး အဆိုပါရွေးကောက် ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲပြောင်းပေးသွားမည် ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

● *ရွှေဖုံးမှ*

လိုအပ်ချက်များရှိပါက သိရှိ ဖြည့်ဆည်းပေးနိုင်ရေး လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတွင် မီးရထားကဏ္ဍဖွံ့ဖြိုးရေးသည် အရေးကြီးပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြသော ဝန်ထမ်းများ အဆင့်အတန်းအားလုံးသည် နိုင်ငံတော်၏ အဓိက အရေးပါသည့် လုပ်ငန်းကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ ယခုလို အားထုတ် ဆောင်ရွက်နေမှုများကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများသည် နှစ်ရှည်ပင်မစီမံကိန်းရေးဆွဲခြင်း၊ စီမံကိန်းများအတွက် အသေးစိတ်လေ့လာမှု ဆောင်ရွက်ခြင်း၊ လေ့လာမှုရလဒ်အပေါ်အခြေခံ၍ အကောင်အထည်ဖော်ခြင်း အချိန်ကာလကြာမြင့်စွာ ပြင်ဆင်ရသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်၍ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ကြရန် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်း ပုဂ္ဂလိကများ၏ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပမိတ်ဆွေနိုင်ငံများ၏ ချေးငွေများနဲ့ အကောင်အထည်ဖော်ရခြင်းဖြစ်၍ တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီဆောင်ရွက်ရေး၊ ဘဏ္ဍာငွေများကို အကျိုးရှိစွာ ဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံ နည်းပညာများရရှိရေးအတွက် ကြိုးစားလေ့လာသင်ယူ ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းပီသစွာ ကဏ္ဍအလိုက် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေရေး၊ ပုံမှန် ပြေးဆွဲနေသော ရထားများ အမြန်ပြန်လည်ပြေးဆွဲပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လက်ရှိတွင် ကိုဗစ်- ၁၉ ကာလ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များ ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းကန်ထရိုက်တာများ၊ ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်အတိုင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်ဝင်းအတွင်းရှိ သံလမ်း(၈)ချောင်း ဂဟေဆက်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သံလမ်းဆက်လုပ်ငန်းများနှင့် ပတ်သက်၍ အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းဘူတာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ပိန်းဇလုပ်ဘူတာသို့ ရောက်ရှိပြီးနောက် ပိန်းဇလုပ်ဘူတာမှ တောကျွဲအင်း ဘူတာအထိ (၁၇ ဒသမ ၂၅)မိုင်အား သံလမ်းပြေးယာဉ် (RGC) ဖြင့် သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာကြားရှိ တံတားအမှတ်(၁၈၃)သို့ ရောက်ရှိ၍ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ မြေသားလုပ်ငန်းဆောင်ရွက်နေမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**ပုံမှန်ပြန်လည် ဖွင့်လှစ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြူးဘူတာသို့ ရောက်ရှိပြီး ဖြူးဘူတာတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဖြူးဘူတာရှိ ဝန်ထမ်းများကို တွေ့ဆုံ၍ ဖြူးဘူတာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး မှာကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းအမှတ် (၆)မှ တာဝန်ရှိသူများကို ရန်ကုန်-မန္တလေး ရထားလမ်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာရာ တံတားအမှတ် (၂၀၃)သို့ ရောက်ရှိ၍ တံတားကြီးတည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ်၌ ပင်စင်လစာများ ဖေဖော်ဝါရီလအတွက် ထုတ်ယူမှုပြီးစီး

**သီပေါ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဖေဖော်ဝါရီလအတွက် အငြိမ်းစား ဝန်ထမ်း ပင်စင်လစာငွေများ ကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင် ၍ ပုံမှန် ထုတ်ပေးလျက်ရှိ သည်။

**ထုတ်ဝေပေးလျက်ရှိ**

ထိုသို့ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်ငွေများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီ နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဘဏ်ဖွင့်သည့် နေ့ရက်များတွင် ထုတ်ပေးလျက်ရှိရာ ပင်စင်စားပြည်သူ ၁၂၁၂ ဦးရှိပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖေဖော်ဝါရီလအတွက် ထုတ်ယူမှုပြီးမြောက်သွားကြောင်း သီပေါမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်အေးမင်းစန္ဒာထွေး ပြောပြချက်အရ သိရသည်။

**စိုင်း(သီပေါ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၈** နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးသို့ သွားရောက်စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးက ဆေးရုံအစည်းအဝေးခန်းမတွင် ဇမ္ဗူသီရိ အထူးကုဆေးရုံ၏ ဖွဲ့စည်းပုံ၊ ဆေးရုံအဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံ၊ နေပြည်တော်နှင့် နေပြည်တော် အနီးတစ်ဝိုက်ရှိ အများပြည်သူများသို့ သင့်တင့်သော ဆေးကုသစရိတ်ကျခံ၍ ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်အဖွဲ့သည် ဆေးရုံအတွင်း ပြင်ပလူနာဌာန၊ အထူးကုသဆောင်များ၊ ရောဂါရှာဖွေရေး စက်ကိရိယာဆောင်များ၊ ခွဲစိတ်ဆောင်များနှင့် ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးရာ အထူးကုဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



## မိုးမိတ်မြို့၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိုးမိတ် ဖေဖော်ဝါရီ ၂၈** ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက မိုးမိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၇၆)ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးရဲရင့်ကျော်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းဝင်းသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မိုးမိတ်မြို့ ရပ်ကွက်များရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသန့်ရှင်းသာယာရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**မိုးမိတ်သား(စည်သူဌေး)**

## ကျောက်ဖြူမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းစတုတ္ထနှစ် ချေးငွေထုတ်ချေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၈** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်စီမံကိန်း စတုတ္ထနှစ်ချေးငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးသည်။

မြစိမ်းရောင်စီမံကိန်း စတုတ္ထနှစ်ချေးငွေ ထုတ်ချေးခြင်းကို ကျောက်ဖြူမြို့နယ် ရွာသစ်ကျေးရွာရှိ မြစိမ်းရောင်အသင်းဝင်များအား မြို့နယ်ကျေးလက်ရုံးမှ ဦးစီးအရာရှိ (နည်းပညာ)နှင့် ဝန်ထမ်းများက ထုတ်ချေးပေးကြသည်။

ထိုသို့ ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူခြောက်ဦး၊ ရေလုပ်ငန်း လုပ်ကိုင်သူငါးဦး စုစုပေါင်း ၁၁၄ ဦးထံသို့ ချေးငွေကျပ်သိန်း ၃၃၀ အား ထုတ်ချေးပေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ယင်းကျေးရွာရှိ အိမ်ခြေ ၁၆၈ အိမ်၊ အိမ်ထောင်စု ၁၆၈စု၊ လူဦးရေ ၇၀၄ဦးတို့မှာ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ အသီးအပွင့်များကို ရရှိခံစားနေကြပြီဖြစ်သည်။ ယခုအခါ ကျောက်ဖြူမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၃၀၊ အိမ်ခြေ ၃၆၃၀၊ အိမ်ထောင်စု ၃၈၀၆စု၊ လူဦးရေ ၁၆၃၀၉ ဦးတို့မှာ စီမံကိန်း၏အကျိုးကျေးဇူးများကို ခံစားနေကြရပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# အဖိုးတန်သော ငယ်ရွယ်နုပျိုမှုများ ပျောက်ရှမသွားရလေအောင် . . .

ကိုထွန်းခင်

**မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် မဂဓတိုင်း ရွာသစ်တစ်ခုမှ လူတို့သည် တောတွင်း၌ အလုပ်လုပ်ကြရာ မှက်၊ ခြင်တို့ ကိုက်သဖြင့် နီးရာလက်နက်ဖြင့် ရိုက်ပုတ်ကြရာမှ မှက်၊ ခြင်တို့သာမက အချင်းချင်းရိုက်နှက်မိကြသဖြင့် မိမိတို့ကိုယ်၌ပါ ဒဏ်ရာရရှိဝေဒနာခံစားရသည်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောတော်မူခဲ့သည်။**

ရှေးရှေးအခါ ကာသိတိုင်းရွာတစ်ရွာမှ လှည်းသမားတစ်ယောက်သည် သစ်ရွေလျက်ရှိသည်။ မှက်ကြီးတစ်ကောင်သည် ဦးခေါင်းတွင် နား၍ ကိုက်ခဲလျက်ရှိသည်။ နာကျင်လှသဖြင့် အနီးရှိ သားငယ်ကို မှက်အားရိုက်ရန် ပြော၏။ သားငယ်သည် မှက်ကို အနီးရှိပုဆိန်ဖြင့် ခုတ်လိုက်ရာ အဖေ၏ ဦးခေါင်းထက်ခြမ်းကွဲ၍ နေရာတွင်ပင် သေဆုံးရသည်။

ထိုအခါ အနီးရှိ ဉာဏ်ပညာနှင့်ပြည့်စုံသော ကုန်သည်တစ်ယောက်က ပညာရှိသော ရန်သူသည် ပညာမဲ့သော မိတ်ဆွေထက်မြတ်၏။ ရန်သူပင်ဖြစ်သော်လည်း ပညာရှိကမြတ်၏။ ပညာရှိသောရန်သူသည် ပြစ်ဒဏ်ကိုကြောက်၍ လူကိုမသတ်ဟု ကျူးရင့်တော်မူ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ဟု ငယ်စဉ်က ဖတ်မှတ်ခဲ့ရဖူးသည်။

### ဝေဖန်ပိုင်းခြားနိုင်စွမ်းသည်ပညာ

လုပ်သင့်၊ မလုပ်သင့်၊ အကောင်းအဆိုး အကြောင်းအကျိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းသည် ပညာဖြစ်သည်။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်သင်ကြားတတ်မြောက်မှု လောကီပညာနှင့် လောကမှ ထွက်မြောက်ရန် ကျင့်ရမည်ဖြစ်သော ဝိပဿနာလောကုတ္တရာ ပညာဟူ၍ရှိရာ ပညာသည် လောဘ၊ ဒေါသ၊ မောဟကို ဖောက်ထွင်းဖျက်ဆီးနိုင်ပြီး သန္တိသုခ နိဗ္ဗာန်တိုင်အောင် မျက်မှောက်ပြုစေနိုင်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ခွန်အားကို အသုံးပြု၍ အလုပ်အကိုင်များ ဆောင်ရွက်ကြရသည့် စက်မှုခေတ်မှ စိတ်ကူးစိတ်သန်း ဉာဏ်ပညာ တီထွင်ဖန်တီးမှုများဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဝင်ငွေတိုးတက်အောင် ဖန်တီးနိုင်သည့် ပညာခေတ်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

၂၁ ရာစု ပညာခေတ်တွင် မွေးဖွားကြီးပြင်းလာသူများ၊ လူငယ်များသည် ရဲရင့်၏။ တက်ကြွ၏။ သွက်လက်၏။ အားမာန်အပြည့်ရှိ၏။ ဖွဲ၊ လုံ့လရှိ၏။ ဖြတ်ထိုးဉာဏ်ကောင်း၏။ အရောင်အစွန်းအထင်း မရှိသေးသည့်အတွက် အရောင်ဆိုးရန် လွယ်ကူ၏။ စိတ်သည် တက်လွယ်၊ ကျလွယ်ရှိ၏။ လူငယ်များကို သစ်ပင်တစ်ပင်နှင့် ခိုင်းနှိုင်းမည်ဆိုလျှင် အညွန့်အဖူးလေးများဖြစ်၏။ ဖယောင်းကဲ့သို့ ပျော့ပျောင်းပြီး လိုသလို ထုဆစ်ပုံဖော်နိုင်၏။ လူငယ်များ၏ စွမ်းပကားကို အသိအမှတ်ပြုရမည်ဖြစ်သည်။

လူငယ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့် လူသားရင်းမြစ်များလည်းဖြစ်သည်။ သဘာဝက ပေးအပ်ထားသည့် အရင်းအမြစ်များသည် နှစ်ကာလကြာမြင့်သွားလျှင်သော်လည်းကောင်း၊ လူသားတို့ ထုတ်ယူသုံးစွဲမှုကြောင့်လည်းကောင်း ယုတ်လျော့ကုန်ခန်းသွားနိုင်သော်လည်း လူသားအရင်းအမြစ်များသည် ကုန်ဆုံးသွားသည်ဟူ၍မရှိ ကောင်းစွာ လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အထောက်အကူပြုနိုင်သည့် စွမ်းအားများကို ရရှိမည်ဖြစ်သည်။

အာရှဒေသတွင် သေးငယ်သော ကျွန်းနိုင်ငံငယ်အဆင့်မှ စင်ကာပူနိုင်ငံသည် လူသားအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲပြုစုပျိုးထောင်နိုင်ခဲ့သဖြင့် အတော်ဆုံးပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ စီးပွားရေးသည် ပညာရေးပေါ်တွင် အခြေခံသဖြင့် လူငယ်တို့သည် ပညာပြည့်ဝနှလုံးသားလှမှသာ နိုင်ငံသည် အကျိုးဖြစ်ထွန်းအောင်မြင်လိမ့်မည်ဖြစ်သည်။

> “တန်ဖိုးရှိလှသည့် လူငယ်တို့၏ အချိန်နှင့် ငယ်ရွယ်ပျိုမျစ်မှုတို့သည် နေပူပူအောက်တွင် ပင်ပင်ပန်းပန်း ကုန်ဆုံးမှန်းမသိ ကုန်ဆုံးနေသည်။ သွေးဆူပေါက်ကွဲလွယ်သည့် အရွယ်ဖြစ်သဖြင့် စိတ်ခံစားချက်ကို မထိန်းနိုင်ပါက အမှားတွေ့ပြီး မိမိနှင့်သူတစ်ပါး၊ အများအတွက် အကျိုးမများစေဘဲ အချိန်ကုန်လူပန်းဖြစ်ကာ လူငယ်တို့၏ ရည်ရွယ်ချက်များ ပျောက်ရှသွားနိုင်”

### လမ်းကြောင်းမှားလျှင်အကျိုးမရှိ

လူငယ်တို့၏ နုပျိုလန်းဆန်း တက်ကြွသည့် အားမာန်များ၊ ပြင်းပြသည့်လုံ့လများကို ရည်ရွယ်ချက်မှန်မှန်ဖြင့် အသုံးမချဘဲ လမ်းကြောင်းမှားသွားမည်ဆိုလျှင် အကျိုးမရှိ ဖြစ်တတ်သည်။ လူသားတစ်ယောက်၏ ဘဝခရီးသည် သဘောထား၊ ခံယူချက်၊ အတွေးအခေါ် စေစားရာ လမ်းကြောင်းအတိုင်းသာ တည်ရှိမည်ဖြစ်သည်။

မနောကံဟု ခေါ်သော စိတ်၏တွေးတောမှု၊ စဉ်းစားပုံ၊ဆင်ခြင်ပုံ၊ ရှုမြင်ပုံအပေါ်တွင် မူတည်၍ သမ္မာဒိဋ္ဌိ မှန်ကန်သည့်အမြင်ရှိလျှင် သူ၏ဘဝခရီးလမ်းသည် ဖြောင့်တန်းမည်။ ဆင်းရဲဒုက္ခနည်းမည်ဖြစ်သည်။ အဝိဇ္ဇာမသိမှု သို့မဟုတ် မှန်ကန်သည့် အသိအမြင် ကင်းလွတ်လွဲချော်ခဲ့သော် ဆင်းရဲ ပင်ပန်းခြင်း၊ အန္တရာယ်များခြင်း၊ ဘဝတစ်ခုလုံး ဆုံးရှုံးရခြင်းအထိ အလွယ်တကူ ပျက်စီးနစ်နာနိုင်လေသည်။

နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားသည့် ယခုအချိန်တွင် လူငယ်များသည် မြှောက်ပင့်သွေးထိုးလှုံ့ဆော်မှုများကြောင့် လမ်းပေါ်ထွက်လာကြသည်။ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးနှင့် အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ တရုတ် အစရှိသည့် နိုင်ငံတကာသံရုံးများရှေ့သို့ ရောက်ရှိကာ ဖိအားပေးရန် တောင်းဆို၊ ဆန္ဒပြမှုများရှိလာသည်။

လူငယ်များကို ရှေ့သို့တွန်းပို့ကာ အပြစ်တင်ဆန့်ကျင်စေလျက် ကိုယ်တိုင်မှာ အိမ်ပြင်မထွက်ဘဲ ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော်နေကြသူများ၊ ငွေကြေးထောက်ပံ့နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံအကျိုးကို မလိုလားသူများ၏ စကား၊ သတင်းမှားကို ဖြစ်ရပ်မှန်ကဲ့သို့ အဟုတ်ထင်ကာ လူငယ်များသည် ရှေ့ဆက်တိုးနေသည်။ အမေကျော်၍ ဒွေးဒေါ်လွမ်းနေသည်။

တန်ဖိုးရှိလှသည့် လူငယ်တို့၏ အချိန်နှင့် ငယ်ရွယ်ပျိုမျစ်မှုတို့သည် နေပူပူအောက်တွင် ပင်ပင်ပန်းပန်းကုန်ဆုံးမှန်းမသိ ကုန်ဆုံးနေသည်။ သွေးဆူပေါက်ကွဲလွယ်သည့် အရွယ်ဖြစ်သဖြင့် စိတ်ခံစားချက်ကို မထိန်းနိုင်ပါက အမှားတွေ့ပြီး မိမိနှင့်သူတစ်ပါး၊ အများအတွက် အကျိုးမများစေဘဲ အချိန်ကုန်လူပန်းဖြစ်ကာ လူငယ်တို့၏ ရည်ရွယ်ချက်များ ပျောက်ရှသွားနိုင်သည်။ လူငယ်များ၏ ဦးတည်ချက်၊ ပန်းတိုင်ပျောက်ရှခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို သတ်ဖြတ်ခြင်းပင် ဖြစ်သည်။

> “အရေးပေါ်ကာလ ပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့်ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည် ဖြစ်ပြီး အနိုင်ရပါတီကို အာဏာလွှဲအပ်သွားမည် ဖြစ်ကြောင်းကိုလည်း အတိအလင်း ကြေညာထားပြီးဖြစ်”

အကြောင်းတရားဟူသည် အကျိုးတရားကြောင့် ဖြစ်ပေါ်လာခြင်းလည်း ဖြစ်သည်။ အချို့အရာတို့မှာ အပေါ်ယံအမြင်ဖြင့် သုံးသပ်၍ မရနိုင်။ စိတ်နာကြည်းစရာ ဖြစ်ရပ်များကိုသာ အလင်းဘက်အခြမ်းအဖြစ် မီးမောင်းထိုးပြထားသော်လည်း အမှောင်ဘက်ခြမ်းတွင် လူအများ မသိနိုင်သော အမှန်တရားအချို့ရှိနေသည်။ နောက်ကွယ်မှ အမှန်တရားတို့သည် ခါးသက်ပေလိမ့်မည်။

### ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားရေး

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်း မှားယွင်းမှုများဖြင့် နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံး၍ ရယူရန် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် တပ်မတော်မှ နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ အရေးပေါ်ကာလ ပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ပြီး အနိုင်ရပါတီကို အာဏာလွှဲအပ်သွားမည်ဖြစ်ကြောင်းကိုလည်း အတိအလင်း ကြေညာထားပြီးဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များသည် ဉာဏ်ပညာဦးဆောင်ကာ တစ်ဦးနှင့်တစ်ဦး နားလည်စာနာခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အနစ်နာခံလိုစိတ်ရှိခြင်း၊ အတူပူးပေါင်းဆောင်ရွက်လိုခြင်း စသည့်စိတ်ဓာတ်များဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆင်ခြင်စဉ်းစားပြုမူဆောင်ရွက်နိုင်ကြပါစေ၊ လူငယ်တို့၏ စွမ်းပကားဖြင့် သာယာလှပသည့် လူ့ဘောင်အဖွဲ့အစည်း၊ ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။


## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၁-၈၃၀၁၉၇၅၊ ၀၁-၈၃၀၂၁၇၅

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ



အကြမ်းဖက်မှုတိုင်းအတွက်
အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန် ရှိပါတယ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

*✻ ကျော့ဖုံးမှ*

ပိုက်ဆံရှာချင်တဲ့စိတ်နဲ့ ငါတို့တစ်နေ့ ကိုယ့်နိုင်ငံကိုယ်ပြန်ရမယ်ဆိုတဲ့စိတ် ရှိပါတယ်။ ငါတို့မိသားစုနဲ့ ပြန်နေရမယ်။ မိသားစုကို ထောက်ပံ့လာနိုင်မယ်ပေ့ါ။ အဲလိုပဲတွေးပြီးတော့ဖြေတယ်။ အခုတော့ အိမ်ကိုပဲပြန်ချင်တယ်။ မထင်မှတ်တဲ့အချိန်မှာ သင်္ဘောကြီးနဲ့ လာခေါ်မယ် ဆိုတော့မယုံဘူး။ ကျွန်မတို့ တစ်ခါမှလည်း မကြုံဖူးပါဘူး။ ဇဝေဇဝါဖြစ်နေတဲ့အချိန် ကျွန်မတို့ကို ဒီလိုလာခေါ်တော့ ဝမ်းသာပါတယ်။ ပျော်ပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံမှာပဲ လုပ်ကိုင်စားစေချင်ပါတယ်။

**မရီရီလွင်**

ကျွန်မနာမည်က ရီရီလွင် ဖြစ်ပါတယ်။ အသက်က ၂၅ နှစ်ရှိပါပြီ။ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၊ မင်းလုံးကျေးရွာမှာ နေပါတယ်။ ဆင်းဆင်းရဲရဲ ခံရတာတော့ အများကြီးပါပဲ။ ကလေးအမေတွေ တအားခံရတယ်။ ကလေးအမေတွေက ကလေးအတွင်းခံတွေတောင်းတယ်။ ဒါပေမယ့် သူတို့က မပေးဘူး။ ဆဲတယ်၊ နှိပ်စက်တယ်။ မြန်မာတွေကို နှိပ်စက်တယ်။ စိတ်ဆင်းရဲမှုဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ဖြစ်မိတယ်။ တကယ်ပြောတာ။ အမေအဖေတွေနဲ့ အဆက်အသွယ်မရဘူး။ အခုချိန်ထိလည်း အဆက်အသွယ်မရသေးဘူး။ ရန်ကုန်ရောက်ရင်တော့ ဆက်သွယ်ရမယ်တဲ့။ ကိုယ်ပြန်လာရတာ ပျော်ပေမယ့် ကျန်ခဲ့တဲ့လူတွေအတွက် စိတ်မကောင်း ဖြစ်မိတယ်။ သူတို့ကိုလည်း ပြန်ခေါ်စေချင်တယ်။ သူတို့ဆိုရင် ငိုနေကြတယ်။ သူတို့စာတွေကိုရေးပြီး ထည့်ပေးလိုက်ကြတယ်။ အကူအညီတောင်းကြတယ်။ တခြားနိုင်ငံ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့က လူတွေစာတွေရေးပြီးတော့ ထည့်ပေးလိုက်တာ စာအိတ်တစ်အိတ်ကြီး ရှိတယ်။ ကျွန်မ ရန်ကုန်ရောက်ရင် သူတို့တောင်းတဲ့ အကူအညီကို လုပ်ပေးပါမယ်ရှင့်။ တပ်မတော်က ကျွန်မတို့ကို ကြိုဆိုတာ နွေးထွေးမှုရှိပါတယ်။ ကျွန်မအဖေလောက်ရှိတဲ့ ဦးလေးက သမီးအပေါ်တက်ရင် ဖြည်းဖြည်းတက်နော်ဆိုပြီး သူတို့ပြောတဲ့ စကားသံကြားရတော့ ကျွန်မက မြန်မာစကားသံ မကြားရတာကြာတော့ ကိုယ့်ရင်ထဲမှာ တအားလည်း ခံစားရတယ်။ ဝမ်းလည်းနည်းတယ်။

ဟိုတစ်နေ့ကဆိုရင် မုန့်ဟင်းခါးကျွေးတာ တော်တော်ကောင်းတယ်။ မစားရတာကြာတော့ အရသာရှိပြီး ကောင်းတယ်။ အခုလိုကျွေးတဲ့အတွက် ကျေးဇူးလည်းအထူးတင်ပါတယ်။ အဖေအမေနားမှာပဲ ဘယ်မှမသွားတော့ဘဲ အိမ်မှာပဲ မိဘနဲ့အတူ မိဘတွေလုပ်တဲ့အလုပ်ကို လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချထားတယ်။ ဘယ်မှလည်း မသွားတော့ပါဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။




မလေးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသူ အမျိုးသမီးတစ်ဦး။




မရီရီလွင်။




ကိုစောထွန်းလှိုင်။

**ကိုစောထွန်းလှိုင်**

ကျွန်တော့် အသက်ကတော့ ၃၁ နှစ် ရှိပါပြီ။ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေထဲမှာ ဝမ်းနည်းစရာတွေရှိပါတယ်။ မြန်မာနိုင်ငံက လူငယ်တွေကို တခြားနိုင်ငံကြီးသားတွေက အနိုင်ကျင့်တယ်။ ပြောရမယ်ဆိုရင် နိုင်ငံကြီးသားတွေက မြန်မာတွေကို တွေ့တာနဲ့အလုပ်ခိုင်းတယ်။ သူတို့စားဖို့ ပန်းကန် ဆေးပေးရတယ်။ စောင်တွေ ခြုံပေးရတယ်။ အဝတ်အစားတွေ လျှော်ပေးရတယ်။ ကြမ်းတွေတိုက်ပေးရတယ်။ သူတို့ခိုင်းတာ မလုပ်ဘူးဆိုရင် ရိုက်တယ်။ ကျွန်တော်တို့ထက် အရင်ရောက်သွားတဲ့သူတွေဆိုရင် ဝေဒနာတွေနဲ့ ကြည့်မကောင်းအောင် ခံစားရတယ်။ သူငယ်ချင်းတွေဆိုရင် ရေတောင်ချိုးလို့မရဘူး။ အစာစားလို့ မရဘူး။ လမ်းလျှောက်လို့မရဘူး။ ရဲတွေဆီက ဆေးတောင်းရင်လဲ တောင်းလို့မရဘူး။ ဘယ်အနာပဲဖြစ်ဖြစ်၊ ဘယ်ရောဂါပဲဖြစ်ဖြစ် Panodol ကလွဲလို့ မပေးဘူး။ အခု မြန်မာ့တပ်မတော်က လာခေါ်တယ်။ သူငယ်ချင်းတွေ ကျန်ခဲ့တယ်။ လာခေါ်တဲ့သင်္ဘောကြီး တကယ့်တကယ် ရောက်လာပါလားဆိုပြီး စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိတယ်။ သင်္ဘောကြီးပေါ် ရောက်ပြီး နေထိုင်ရေးကအစ၊ စားသောက်ရေးကအဆုံး ပျော်ရွှင်မှုတွေ အများကြီးရခဲ့တယ်။ ခြိမ်းခြောက်မှုတွေမရှိဘူး။ ဆက်ဆံရတာကအစ ရဲမေတွေ၊ ဗိုလ်ကြီးတွေက လှိုက်လှိုက်လှဲလှဲကြိုဆိုဆက်ဆံကြတယ်။ ထူးခြားလိုက်တာပါလားဆိုပြီး ကျွန်တော်ထင်မိတယ်။ စားသောက်ရေးကိစ္စတွေမှာလည်း လူအများကြီးကို အခုလို ကျွေးလိမ့်မယ်လို့ မထင်ထားမိဘူး။ ကျွေးမွေးတာတွေက တကယ့်ကို ပြည့်စုံပါတယ်။ ဝမ်းလည်းဝမ်းသာတယ်။ မြန်မာနိုင်ငံရောက်ရင် အဖေနဲ့အမေဆီပြန်မယ်။ အလုပ်တစ်ခုခုလုပ်မယ်လို့ စဉ်းစားထားပါတယ်။ ကျန်ခဲ့တဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေကို ပြန်ခေါ်စေချင်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အခုလို ပြန်ရောက်လာခဲ့ရတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး**

**သား**။ အတိုင်းအဆမသိ အရမ်းဝမ်းသာပါတယ် ခင်ဗျာ။ မြန်မာနိုင်ငံကို အခုလိုခြေချခွင့်ရတဲ့အတွက်ကြောင့် ဝမ်းသာပါတယ် ခင်ဗျာ။

**မိခင်**။ ကျွန်မသားလေးကို သေပြီလို့ အောက်မေ့ထားတာပါ။ ကိုဗစ်အတွင်းမှာ ရှစ်လ အဖမ်းခံထားရတယ်။ ကျွန်မမှာ စိတ်တွေမအေးရဘူး။ ညတွေဆို အိပ်လို့လည်းမပျော်ဘူး။ အဲဒါနဲ့ စစ်သင်္ဘောကြီးနဲ့ခေါ်မယ်ဆိုတာ ကျွန်မ Line ပေါ်မှာတွေ့တော့ အကုန် save ပြီးတော့ အကုန်ဖတ်ကြည့်တယ်။ အဲဒါတောင်မယုံသေးဘူး။ မလေးမှာရှိတဲ့ တူမတွေကို လှမ်းမေးတယ်။ သူတို့ကို ပိုက်ဆံမပေးလို့ ငါ့သားလေး မလွတ်တာလားပေ့ါ။ တူမတွေကပြောတယ် မဟုတ်ပါဘူး။ သူတို့လည်းပေးပါတယ်။ ဒါပေမယ့်လည်းမရဘူးပေ့ါ။ အဲဒါနဲ့ စစ်သင်္ဘောကြီးနဲ့ပါလာပြီဆိုပြီး Line ပေါ်ကနေလှမ်းပြောတယ်။ အဲဒါနဲ့ သတင်းမှာလည်း တွေ့တယ်။ ကြည့်တော့တွေ့တယ်။ ထမင်းစားနေတာတွေ့တယ်။ ၂၅ ရက်နေ့က တွေ့လိုက် တာလေ။ ရင်ထဲမှာဘယ်လိုဖြစ်သွားမှန်းမသိဘူး။ တော်တော်လည်း ဝမ်းသာပါတယ်။ တပ်မတော်ကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

**သား**။ ကျွန်တော်လည်း အတိုင်းအဆမရှိ ဝမ်းသာပါတယ်။ ကျွန်တော်တို့ ကျန်ခဲ့တဲ့လူတွေအတွက်ကိုလည်း ပြန်ခေါ်နိုင်ပါစေလို့ ဆုတောင်းနေမိပါတယ်။ တပ်မတော်ကြီးကို အထူးကျေးဇူးတင်မိပါတယ်။

**ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး**

**မိခင်**။ လှိုက်လှိုက်လှဲလှဲလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းသာပါတယ်။ ဘယ်လိုပြောရမှန်းကို မသိဘူး။ အတိုင်းထက်ကိုလွန်ပြီး ဘယ်လိုပြောရမှန်း မသိအောင် ဝမ်းသာပါတယ်။ ကျွန်မတို့မိသားစု မတွေ့ရတော့ဘူးလို့ ထင်ထားတာ။ ကျွန်မတို့မှာ မိသားစုလေး ၃ ယောက်ပဲရှိတာမှ သားအမိလေး ၂ ယောက်ပဲ ကျန်ခဲ့တာ။

**သား**။ ပြန်ရမယ်လို့ မမျှော်လင့်ထားဘူး။ မမျှော်လင့်ထားဘဲနဲ့ ပြန်ရတဲ့အတွက် တော်တော်ဝမ်းသာပါတယ်။ ဂုဏ်ယူမိပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။ အားလုံးချောချောမွေ့မွေ့နဲ့ ဘာအခက်အခဲမှ မရှိဘဲ လှိုက်လှိုက်လှဲလှဲနဲ့ အားလုံးကလည်း ကြိုဆိုတယ်။ အစားအသောက် အနေအထိုင် အသွားအလာကအစ အားလုံးအဆင် ပြေပါတယ်။ ကျန်းမာရေးကအစ အားလုံးအဆင် ပြေပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# CDM လှုပ်ရှားမှုတွေ အပါအဝင် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့် ပြုမူပြောဆိုလုပ်ကိုင် ဆောင်ရွက်မှုမှန်သမျှကို ဆန့်ကျင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း ပညာဆက်လက်သင်ကြားချင်ပါတယ်

**ကျောင်းသား မောင်ကျော်ကျော်**

*တွေ့ဆုံ/ဆက်သွယ်မေးမြန်း - ကိုမေတ္တာ(နေပြည်တော်)*

**ယခုတစ်လော Civil Disobedience Movement (CDM) လှုပ်ရှားမှုဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွင်း ထိခိုက်ဆုံးရှုံးနစ်နာမှုများ ရှိလာသည်ကို မြင်တွေ့ကြားသိနေရသည်။ CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ CDM တွင် ပါဝင်ခြင်းနှင့် မပါဝင်ခြင်းဟူ၍ သဘောထားဆန္ဒကွဲလွဲသူများလည်း များစွာရှိနေပါသည်။**

"CDM မှာ ပါဝင်မယ်ဆိုရင် ပြတ်ပြတ်သားသား အလုပ်ကနေ နုတ်ထွက်လိုက်ပါ။ CDM မှာ မပါဝင်ဘူးဆိုရင်လည်း ပြတ်ပြတ်သားသားပဲပေ့ါ။ အခုဟာက CDM မှာလည်း ပါဝင်ချင်တယ်၊ အလုပ်ကိုလည်း ခွင့်အဖြစ် သတ်မှတ်စေချင်တယ်။ ဒါဘယ်လိုသဘောလဲ။ နိုင်ငံရေးလူလည်ကျတာလား။ ဟိုလိုလို ဒီလိုလို ဆိုတဲ့သဘောလား။ ဒီလိုတော့ မလုပ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထု နစ်နာတယ်။ လူမှုဘဝမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာ ပြည်သူလူထုအတွက် နစ်နာနိုင်တယ်။ ဒါကြောင့် CDM ပါဝင်ကြတဲ့သူတွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ပထမဦးစားပေး စဉ်းစားဆောင်ရွက်ကြစေချင်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး အဆင့်ရှိသူ ဦးတူးမောင် (အမည်လွှဲ)က ဆိုသည်။

## နိုင်ငံ့ဝန်ထမ်းနှင့် အစိုးရယန္တရား

"အစိုးရတစ်ရပ်ရဲ့ ယန္တရားလည်ပတ်ဖို့ရာ နိုင်ငံဝန်ထမ်းတွေ လိုအပ်တာ အမှန်ပါပဲ။ နိုင်ငံဝန်ထမ်းတွေအနေနဲ့ ဒီယန္တရား ဘာကြောင့်၊ ဘာအတွက် လည်ပတ်ဖို့ လိုအပ်တာလဲဆိုတာ သေသေချာချာစဉ်းစားချင့်ချိန်ဖို့ လိုအပ်ပါတယ်။ အမှန်တကယ်တော့ အစိုးရဌာန၊ အစိုးရယန္တရားလည်ပတ်တယ်၊ နိုင်ငံ့ဝန်ထမ်းတွေက အဲဒီယန္တရားမှာ ပါဝင်ထမ်းဆောင်ကြတယ်ဆိုတာ စေ့စေ့စပ်စပ်တွေးကြည့်လိုက်ရင် ပြည်သူ့ဆန္ဒတွေကို တရားဥပဒေနဲ့အညီ ဝန်ဆောင်မှုပေးဖို့၊ ဖြည့်ဆည်းပေးဖို့ဆိုတာ မှတ်ယူထားရပါမယ်။

"CDM ပါဝင်နေလို့ ပြည်သူအတွက် ဝန်ဆောင်မှုတွေ မပေးနိုင်တော့ဘူးဆိုရင် ပြည်သူတွေ ဘာအလုပ်အကိုင်ပဲလုပ်လုပ် အဆင်ပြေနိုင်ပါဦးမလား။ အလားတူပါပဲ။ အဲဒီ အလုပ်အကိုင်တွေ၊ လုပ်ငန်းတွေကို မှီခိုနေရတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေချောမွေ့နိုင်ပါဦးမလား။ CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံးလူမှုစီးပွားဘဝ အခက်အခဲတွေကို ကြုံတွေ့ရတာက အခြေခံပြည်သူလူထုပါပဲ။ ဒါကြောင့် ပြည်သူလူထုရဲ့ ဘဝများစွာအတွက် CDM လှုပ်ရှားမှုကို ဆက်လက်မဆောင်ရွက်စေချင်တော့ဘူး" ဟု CDM တွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမင်းမောင် (အမည်လွှဲ) က ၎င်း၏ အမြင်ကို ရှင်းပြသည်။

လက်ရှိမြေပြင်အခြေအနေတွင် ကျန်းမာရေးဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် အချို့ဆေးရုံများတွင် လတ်တလော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပျက်ယွင်းလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုကို အမှန်တကယ်ခံယူရန် လိုအပ်နေသည့် အခြေခံပြည်သူများ အခက်အခဲကြုံတွေ့နေရသဖြင့် တပ်မတော်ဆေးတပ်ဖွဲ့က ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်မကတော့ နိုင်ငံရေးဆိုတာကို နားမလည်ပါဘူး။ ကျွန်မကို CDM မှာ မပါဝင်ရကောင်းလားဆိုပြီး CDM မှာ ပါဝင်နေတဲ့ ဆေးဝန်ထမ်းတစ်ဦးက တယ်လီဖုန်းနဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်တာကို ခံခဲ့ရတယ်။ ဘယ်လိုပဲခြိမ်းခြောက်ပါစေ၊ ကျွန်မဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ ဆေးရုံကို လူနာတွေရောက်လာရင် ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားတွေအတိုင်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်။ အချို့ဆေးရုံတွေမှာ ကျန်းမာရေးဝန်ထမ်းတွေ နည်းပါးလို့ ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ပြန်သွားရတာကို မြင်ရတဲ့အခါ စိတ်မကောင်းဖြစ်မိတယ်။ ဝမ်းနည်းမိတယ်။ CDMလှုပ်ရှားမှုအစောပိုင်းလောက်က ကျွန်မတို့ဆေးရုံမှာလည်း ဆေးဝန်ထမ်း မလုံလောက်လို့ တပ်မတော်ဆေးရုံတွေကို သွားရောက်ကုသမှုခံယူရတယ်လို့ သိရပါတယ်။

"အခု ကျွန်မတို့ဆေးရုံက ပြည်သူလူထုအတွက် အမြဲတမ်း တံခါးဖွင့်ထားပါတယ်။ နေ့လယ်ပိုင်းက ကိုယ်ဝန်သည်တစ်ဦးရောက်လာလို့ CDM မှာ မပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ ညီညီညွတ်ညွတ် ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူ့အတွက်ပဲဖြစ်ရမယ်။ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်လို့ အရောင်တွေ မပါစေချင်ပါဘူး။ တကယ်လို့ ဒီလိုကာလမျိုးမှာ ကိုယ့်ရဲ့မိသားစုဝင်ထဲက တစ်ဦးဦး ကျန်းမာရေးအခက်အခဲ ကြုံတွေ့ရရင် ဘယ်ကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ ကိုယ်ချင်းစာတဲ့ အတွေးမျိုး ရှိစေချင်ပါတယ်။ တတ်နိုင်တဲ့သူတွေက အပြင်ဆေးခန်းတွေမှာ ကုသမှုခံယူနိုင်ပေမယ့် အခြေခံပြည်သူလူထုအတွက် ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ CDM မှာ ပါဝင်နေကြတဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေ ဆေးရုံကို အမြန်ဆုံးပြန်လာပြီး အရင်လိုပဲ ပြည်သူအကျိုးအတွက် နိုင်ငံတာဝန်တွေကို ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး ပြန်လည်တာဝန်ထမ်းဆောင်သွားကြရအောင်လို့ ပြောချင်ပါတယ်" ဟု မုံရွာမြို့ အိန္ဒိယ - မြန်မာချစ်ကြည်ရေး ဆေးရုံကြီး မိခင်နှင့် ကလေးဆေးရုံ(ခုတင် - ၂၀၀) တွင် တာဝန်ထမ်းဆောင်နေသည့် သားဖွား ဆရာမတစ်ဦးက ဆိုသည်။

"ကျွန်မသားလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ ကင်ဆာရောဂါ ခံစားနေရသူဖြစ်ပါတယ်။ သားလေး ကင်ဆာဆေးသွင်းချိန်ရောက်လို့ ဆေးရုံကြီးကို သွားတဲ့အခါ သူနာပြုဆရာမတွေက အပူချိန်တိုင်းတာ၊ သွေးဖိအားတိုင်းတာတွေ၊ စမ်းသပ်တာတွေ လုပ်ပေးကြပေမယ့် သက်ဆိုင်တဲ့ ဆရာဝန်မရှိလို့ အပြင်ဆေးခန်းမှာပဲ ဆေးကုသမှု ခံယူနေရတယ်။ ဆရာမတွေရဲ့ စေတနာမေတ္တာကိုရခဲ့ပေမယ့် ကျွန်မတို့ဝင်ငွေနဲ့ အပြင်ဆေးခန်းမှာ ဆေးကုသဖို့ဆိုတာ တော်တော်လေးကြိုးပမ်းအားထုတ်ရတယ်။ ဆေးရုံကြီးမှာဆိုရင် ဆေးကုသဖို့စရိတ်က ကျွန်မတို့အတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ ကျွန်မ CDM လှုပ်ရှားမှုတွေကို မဆောင်ရွက်စေချင်တော့ဘူး။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အရင်လိုပဲ ဆေးရုံကြီးမှာ ဆေးကုသမှုခံယူချင်တယ်"ဟု နေပြည်တော် ရွှေကြာပင်ရပ်ကွက်နေ မဖြူဖြူသန်းက သူ့ခံစားချက်ကို ရင်ဖွင့်သည်။

## ပညာရေး

အလားတူ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော အခန်းကဏ္ဍဖြစ်သကဲ့သို့ အနာဂတ်ပန်းကလေးများ၏ မျှော်လင့်ခြင်းအလင်းရောင်လည်း ဖြစ်သည်။ ကျောင်းသား ကျောင်းသူများစွာ၏ စိတ်ဆန္ဒများတွင် ငြိမ်းချမ်းစွာဆက်လက် ပညာသင်ကြားနိုင်ရေးအတွက် လိုလားတောင့်တမှုများစွာ ဖြစ်ပေါ်လျက်ရှိနေကြသည်ကိုလည်း ကြားသိနိုင်မည်ဖြစ်သည်။

" နိုင်ငံရေးသမားအချို့ရဲ့ စည်းရုံးမှုတွေကြောင့် CDM လှုပ်ရှားမှုတွေမှာ ကျောင်းဆရာ ဆရာမအချို့ ပါဝင်နေကြတာကို မြင်တွေ့ရပါတယ်။ ကျောင်းဆရာ ဆရာမတွေဟာ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ကြသလို နိုင်ငံ့အနာဂတ်မှာ နိုင်ငံကို ဦးဆောင်မယ့် နိုင်ငံ့သားကောင်းတွေကို မွေးထုတ်ပေးကြရမယ့်သူတွေ ဖြစ်ကြပါတယ်။ ဆရာဆိုတာ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကို လက်ကိုင်ထားပြီး စာသင်ကျောင်းတွေမှာရှိတဲ့ ကလေးငယ်တွေရဲ့ ဘဝတွေ တိုးတက်မြင့်မားအောင် အမြဲသင်ကြားပို့ချပေးကြရမှာဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါကလည်း ဖြစ်ပွားနေတယ်။ CDM လှုပ်ရှားမှုတွေလည်း ရှိနေတယ်။ ဒီလိုကာလတွေမှာ အနန္တဂိုဏ်းဝင်ဆရာ ဆရာမတစ်ဦးအနေနဲ့ ကျောင်းသူ ကျောင်းသားတွေ၊ တပည့်သားသမီးတွေကို CDM လှုပ်ရှားမှုတွေမှာ ပါဝင်လှုပ်ရှား စေချင်သလားလို့ မေးချင်တယ်။ အသိဉာဏ်ပညာ မကြွယ်ဝသေးတဲ့ တပည့်သားသမီးတွေကို စိတ်ဆန္ဒတစ်ခုအတွက် လမ်းလွဲမရောက်စေချင်ပါဘူး။ တပည့်တိုင်းကို ကိုယ့်ရင်ကဖြစ်တဲ့ သားသမီးတွေလိုပဲ သဘောထားစေချင်ပါတယ်" ဟု နေပြည်တော်အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြ ဆရာမတစ်ဦးက ဆိုသည်။

## ကျောင်းသားလူငယ်တစ်ဦး၏ ရည်မှန်းချက်

" ကျွန်တော်က စက်မှုလက်မှုသိပ္ပံကျောင်း (နေပြည်တော်)မှာ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာ (ပထမနှစ် ) ပညာသင်ကြားနေတဲ့ ကျောင်းသားတစ်ဦးပါ။ ကိုဗစ် - ၁၉ ဖြစ်ပွားတော့ မြန်မာစာပဲ ဖြေဆိုပြီးတဲ့နေ့မှာပဲ ကျောင်းပိတ်လိုက်ပါတယ်။ ကျွန်တော်တို့ စာမေးပွဲဆက်လက်ဖြေဆိုချင်ပါတယ် ။ ကျောင်းဆက်တက်ချင်ပါတယ်။

"အခု CDM လှုပ်ရှားမှုဆိုတာ ထပ်ပေါ်လာပြန်တော့ ရည်မှန်းထားတဲ့ အရည်အချင်းပြည့်ဝတဲ့ အင်ဂျင်နီယာတစ်ဦးဖြစ်ရေး ရည်မှန်းချက်ကတော့ ဝေးနေသေးတယ်လို့ ထင်ပါတယ်။ အင်ဂျင်နီယာဖြစ်ရင် ပညာတတ်တစ်ဦးဘဝနဲ့ မိဘကို လုပ်ကျွေးမယ်ဆိုတဲ့ မျှော်လင့်ချက်မျှော်မှန်းချက်တွေကို ဝေဝါးစေတယ်လို့ ထင်ပါတယ်။ အသက်က တစ်နှစ်ထပ်ပြီး ကြီးသွားပြန်ပြီပေ့ါ။ ဒါကြောင့် CDM လှုပ်ရှားမှုတွေ အပါအဝင် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့် ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို ဆန့်ကျင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း ပညာဆက်လက်သင်ကြားချင်ပါတယ်" ဟု ကျောင်းသား မောင်ကျော်ကျော်က သူ့ရည်မှန်းချက်၊ ခံယူချက်ကို ပြောပြသည်။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၉ သို့

"အစိုးရတစ်ရပ်ရဲ့ ယန္တရားလည်ပတ်ဖို့ရာ နိုင်ငံဝန်ထမ်းတွေ လိုအပ်တာ အမှန်ပါပဲ။ နိုင်ငံဝန်ထမ်းတွေအနေနဲ့ ဒီယန္တရား ဘာကြောင့်၊ ဘာအတွက်လည်ပတ်ဖို့ လိုအပ်တာလဲဆိုတာ သေသေချာချာစဉ်းစားချင့်ချိန်ဖို့ လိုအပ်ပါတယ်"

"ဆေးရုံက ပြည်သူလူထုအတွက် အမြဲတမ်းတံခါးဖွင့်ထားပါတယ်။ နေ့လယ်ပိုင်းက ကိုယ်ဝန်သည်တစ်ဦးရောက်လာလို့ CDM မှာ မပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ ညီညီညွတ်ညွတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူ့အတွက်ပဲ ဖြစ်ရမယ်။ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်လို့ အရောင်တွေ မပါစေချင်ပါဘူး။ တကယ်လို့ ဒီလိုကာလမျိုးမှာ ကိုယ့်ရဲ့မိသားစုဝင်ထဲက တစ်ဦးဦး ကျန်းမာရေး အခက်အခဲကြုံတွေ့ရရင် ဘယ်ကိုဘယ်လိုလုပ်ရမလဲဆိုတဲ့ ကိုယ်ချင်းစာတဲ့ အတွေးမျိုး ရှိစေချင်ပါတယ်"

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၀၀၂၆၇ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၉၄၅၁၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၃၇၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၀၀၉၄ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် မဲရုံပေါင်း ၈၁ ရုံ | ၁၀၀၂၆၇ | ၉၄၅၁၂ | ၃၃၇၅ | ၆၅၈ | ၁၀၀၉၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး၊ တော်ဝင်ဟံသာခန်းမ၌ Online Meeting စနစ်ဖြင့် ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုများ လျော့ကျလျက်ရှိသော်လည်း ပေါ့ဆ၍မရကြောင်း၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်မှုရှိကြောင်း၊ ဘုရား၊ စေတီ၊ ပုထိုးနှင့် ဘာသာရေးအဆောက်အဦများ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီ အခြေခံပညာကျောင်းများ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံချက်များ ရေးဆွဲထားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိလာပါက လုံခြုံ၍ လိုအပ်သော အပူချိန်အတိုင်း စနစ်တကျ ထားရှိရန်နေရာနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များက မြို့နယ်အလိုက် Facility Quarantine စခန်းများအဖြစ် အသုံးပြုထားသည့် အခြေခံပညာကျောင်းများအစား အခြားနေရာများ ထပ်မံရှာဖွေထားရန်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် တင်ပြဆွေးနွေးခဲ့သည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ရန်နိုင်မောင်နှင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသီးသီးတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

*စာမျက်နှာ ၈ မှ*

## မိဘတစ်ဦး၏ခံစားချက်

“ကျောင်းတွေကလည်း ပိတ်၊ ကိုဗစ် - ၁၉ ရောဂါကလည်း ဖြစ်၊ အခု CDM လှုပ်ရှားမှုဆိုတာတွေကလည်း ပေါ်ပေါက်နေတော့ ကလေးတွေရဲ့ ဘဝရှေ့ရေး ဘယ်လိုစီမံဆောင်ရွက်ပေးရမလဲဆိုတာ စဉ်းစားရခက်နေတယ်။ စားဝတ်နေရေးအတွက် စီးပွားရှာဖွေရတာက တစ်ဖက်၊ ကလေးတွေရှေ့ရေးကတစ်ဖက်နဲ့ ဘဝလမ်းခရီး ဘယ်လိုလျှောက်လှမ်းရမလဲ မသိတော့ပါဘူး။ တိုင်းပြည်ငြိမ်းချမ်းမှ၊ ဆူပူမှုတွေ အေးငြိမ်းသွားမှ စားဝတ်နေရေးနဲ့ ကလေးတွေဘဝရှေ့ရေး အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အကြမ်းဖက်တဲ့ လှုပ်ရှားမှုမှန်သမျှကို ကျွန်မ ဆန့်ကျင်တယ်။ CDM လှုပ်ရှားမှုတွေမှာ ပါဝင်လာအောင် ခြိမ်းခြောက်သူတွေကို ထိထိရောက်ရောက် အရေးယူပေးစေချင်ပါတယ်” ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သည့် မငြိမ်းခင် (အမည်လွှဲ) က ဆိုသည်။

## အခြေခံပြည်သူများ၏ စကားသံ

ထို့အတူ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိဘဲ ဘဝရပ်တည်မှုမှန်ကန်စွာ ရုန်းကန်လှုပ်ရှားနေကြရသော အခြေခံပြည်သူဘဝများစွာမှ ထွက်ပေါ်လာသည့် အသံများကိုလည်း ထည့်သွင်းစဉ်းစားကြစေလိုသည်။

“ကျွန်မတို့ သပြေကုန်းဈေးဆိုတာ နိုင်ငံ့ဝန်ထမ်းအများစု လာရောက်ဝယ်ယူနေကြတဲ့ ဈေးတစ်ဈေး ဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါကူးစက်မှာကြောက်လို့ ဈေးဝယ်သူတွေ နည်းပါးနေတဲ့အပြင် CDM လှုပ်ရှားမှုအစပိုင်းတွေမှာ ဈေးရောင်းနှုန်း သိသိသာသာကျဆင်းသွားတယ်။ အခုတော့ အရင်လိုပဲ ဈေးရောင်းဈေးဝယ် ပုံမှန်ပြန်ဖြစ်နေပါပြီ။ ဈေးရောင်းလို့ရတဲ့ အမြတ်အစွန်းလေးတွေနဲ့ မိသားစုဘဝကို ရပ်တည်နေရတာမို့ နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းစေချင်တယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ ကျွန်မတို့ ဈေးရောင်းသူတွေအတွက် လူမှုစီးပွားဘဝတွေကို ဖူလုံစေမှာ ဖြစ်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ CDM လှုပ်ရှားမှုတွေကြောင့် ရောင်းမယ့်ကုန်ပစ္စည်းတွေ ကိုပိုပြီးမတင်ရဲဘူး။ ချင့်ချိန်ပြီး ဝယ်/ရောင်း လုပ်နေ ရပါတယ် ” ဟု နေပြည်တော် သဲကောကြီးကျေးရွာနေ ဈေးသည်တစ်ဦးက ပြောသည်။

## စီးပွားရေးလုပ်ငန်းရှင်တချို့ ဆန္ဒသဘောထား

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်မှုမြန်ဆန်မှသာ လုပ်ငန်းအပေါ် မှီခိုအားထားနေကြရသည့် အခြေခံအလုပ်သမားများ၏ ဘဝများစွာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များနှင့် ပတ်သက်ဆက်စပ်လုပ်ကိုင်နေကြရသည့် ဘဝများကိုလည်း စာနာနားလည်ကြရမည်ဖြစ်သည်။

“ ကျွန်တော်တို့ လုပ်ငန်းက ရောင်းသူများများရှိမှ စိတ်ကြိုက်ရွေးပြီး ဝယ်ယူရတဲ့လုပ်ငန်း ဖြစ်တယ်။ အခုတော့ ကျောက်မျက်ရောင်းသူတွေမရှိသလောက် ဖြစ်နေတယ်။ ကျွန်တော်တို့က မြတ်မယ်ထင်တဲ့ ကျောက်တွေကိုကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပကို တရားဝင်နည်းလမ်းနဲ့ ရောင်းချတာ ဖြစ်တယ်။ ကျောက်မျက်လုပ်ငန်းကို မှီခိုအားထားနေကြရတဲ့ မိသားစုတွေကိုလည်း ကိုယ်ချင်းစာတယ်။ ပြောချင်တာက CDM လှုပ်ရှားမှုတွေကြောင့် ဘဏ်အချို့ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးတဲ့အတွက် လုပ်ငန်းနဲ့ပတ်သက်တဲ့ ငွေကြေးစီးဆင်းမှုတွေ ရပ်တန့်နေတယ်။ ဒါကြောင့် လုပ်ငန်းကို မှီခိုအားထားနေတဲ့ မိသားစုတွေ ဝင်ငွေပုံမှန်မရနိုင်ကြတဲ့အတွက်ရော လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ လုပ်သားတွေကို အရင်လိုများများ မထောက်ပံ့နိုင်တော့ဘဲ အထိုက်အလျောက်ပဲ ထောက်ပံ့ပေးနိုင်တော့တာကို စိတ်မကောင်း ဖြစ်မိတယ်။ ဒါကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့် အကြောင်းအရာတွေနဲ့ ဆောင်ရွက်မှုတွေကို လုံးဝ ဆန့်ကျင်တယ်။ မထောက်ခံဘူး။ အားမပေးဘူး။ နိုင်ငံတည်ငြိမ်အေးချမ်းမှ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တယ်။ ဒါမှသာ လုပ်ငန်းရှင်တွေနဲ့ လုပ်သားဝန်ထမ်းမိသားစုတွေရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေချောမွေ့စေမှာဖြစ်ပါတယ်”ဟု မန္တလေးမြို့ ၄၁ လမ်းကျောက်ဝိုင်းမှ ကျောက်မျက်လုပ်ငန်းရှင် ကိုမောင်တူး(အမည်လွှဲ)က ပြောပြသည်။

“ ကျွန်တော်တို့မိသားစုက ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ရေးလုပ်ငန်းမှာ လုပ်ကိုင်ရင်းဘဝကို ရပ်တည်နေကြရတာ ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ဖြစ်လို့ လုပ်ငန်းတွေ နှေးကွေးနေတဲ့အတွက် ပုံမှန်ဝင်ငွေရဖို့ဆိုတာ ခက်ခဲပါတယ်။ ပိုဆိုးတာကအခုCDM လှုပ်ရှားမှုဆိုတာ ပေါ်ပေါက်လာလို့ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ဖို့ဆိုတာ ခန့်မှန်းရခက်သွားတယ်။ ကြိုကြားကြိုကြားပဲ လုပ်ကိုင်ရတော့တယ်။ အလုပ်ပုံမှန် မရှိသေးတော့ ရပ်ကွက်ထဲ ဈေးလှည့်ရောင်းရင်း မိသားစုဘဝကို ဖြေရှင်းရတယ်။ ဘာပဲဖြစ်ဖြစ် ကိုဗစ် - ၁၉ ကပ်ရောဂါရော CDM လှုပ်ရှားမှုဆိုတာကိုပါ မြန်မြန်ငြိမ်းအေးစေချင်တယ်။ လုပ်ငန်းပုံမှန်အတိုင်း လည်ပတ်စေချင်တယ်” ဟု မန္တလေးမြို့မှ ကျောက်မျက်အချောထည်လုပ်သား ဦးကျော်လတ်(အမည်လွှဲ) က ရှင်းပြသည်။

မသမာသူအချို့၏ စည်းရုံးသွေးထိုးလှုံ့ဆော်မှုများကြောင့် CDM တွင် ပါဝင်လှုပ်ရှားနေကြသူများအနေဖြင့် အများစုသော အခြေခံပြည်သူလူထု၏ ဘဝများစွာအတွက် ကိုယ်ချင်းစာတရား ထားရှိစေလိုသည်။ ပြည်သူလူထု၏ ဆန္ဒများကို ထင်ဟပ်သိမြင်ကြစေလိုသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့်အခြေခံဘဝများစွာကို အမှန်တကယ်ကိုယ်စားပြုပါသလော။ ပြည်သူလူထုကို မိသားစုဝင်အရင်းပမာ စာနာနားလည်ကြစေလိုပါကြောင်း...။ ။

# မေတ္တာပို့သ အမျှဝေ

ရှာသားဖိုးမောင်

'သူငယ်ချင်း၊ မင်းကို ချစ်သူခင်သူအင်မတန်များတယ်နော် '

'သိပါတယ်'

'မင်းကိုတော်တော် ရန်လိုမုန်းတီးနေသူတွေလဲ...'

'များတာသိပါတယ်'

'မင်းကတော့ ဘယ်သူ့ကိုမှ ရန်မလုပ်ဘူးနော်'

'လုပ်စရာမလိုပါဘူး'

'မင်းရဲ့လက်ကိုင်တရားက ဘာလဲ'

'လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျအပေါင်းတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလန်းဖြာကြပါစေ'

'မေတ္တာတရားပေါ့'

'ဟုတ်ပါတယ်'

'မေတ္တာသတ္တော အနန္တော တို့ကြားဖူးတယ်။ အမိပွာယ်က ကိုယ့်ကို တိုက်ခိုက်ဖျက်ဆီးလာတဲ့ ရန်စွယ်အန္တရာယ်ဟူသမျှကို မေတ္တာဓာတ်နဲ့ အနိုင်ယူမယ်ပေါ့'

'အနိုင်မယူပါဘူး။ သူကြိုက်တာ သူလုပ်ပါစေ။ လွတ်လပ်ခွင့်ပေးပါတယ်။ မေတ္တာခြံရင်လုံတယ်။ မေတ္တာပေးရင် အေးတယ်။ မေတ္တာထားရင် အမှားနည်းတယ်လို့ ယုံကြည်တယ်။ တစ်ဖက်သားဒုက္ခရောက်ပါစေလို့တော့ မလုပ်ပါ'

'မင်းနဲ့နိုင်ငံရေးနည်းနည်းပါးပါး ဆွေးနွေးချင်တယ်ကွာ။ ရမလား'

'အဲဒီဘာသာရပ်ကို ကိုယ်မကျွမ်းကျင်ပါဘူးကွာ။ မပြောတတ်ပါ။ တခြားလူနဲ့ဆွေးနွေးပါ။ '

'သာမန်ပြည်သူတစ်ယောက်အနေနဲ့ ပြောကွာ'

'ဘာပြောရမှာလဲ'

'ကိုယ်မေးတဲ့မေးခွန်းကို သူငယ်ချင်းဖြေရုံပါပဲ'

'မေးလေ'

'ဒီအစိုးရကို ကြိုက်လား'

'ကြိုက်တာ မကြိုက်တာ မေးနေစရာလိုလို့လား၊ လူတစ်ကိုယ်အကြိုက်တစ်မျိုးစီကိုး သူငယ်ချင်းရ'

'မောင်ရင့်သဘောထား မေးတာလေ'

'ပြောစရာလိုသေးလို့လား သူငယ်ချင်းရယ်'

'ဟုတ်ပြီ။ သဘောကျတယ်။ ထောက်ခံတယ်။ အားပေးတယ်။ ပူးပေါင်းပါဝင်တယ်ဆိုရင် ဘာဖြစ်လို့လဲ'

'ဒါဟာ သမိုင်းအမြင်နဲ့ဆိုင်တယ်'

'အေး- ပြောပါဦး'

'လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုရေးနေကြတဲ့ လူတွေချည်းပဲ'

'ဆက်ပါဦး'

'ဘယ်သူမဆို ကောင်းတာလုပ်လုပ်၊ ဆိုးတာလုပ်လုပ်၊ တရားတာပဲလုပ်လုပ်၊ မတရားတာပဲလုပ်လုပ်၊ ကိုယ့်ဓာတ်ထုပ်နဲ့ကိုယ်၊ ကိုယ့်ဘဝဓာတ်ခုံပေါ်မှာ ကိုယ့်ဓာတ်ညွှန်းကို ကိုယ်ရေးပြီး ကိုယ့်ဓာတ်လမ်းကို ကပြကြရတယ်။ ဘဝဓာတ်ဆရာ စေခိုင်းသမျှ ကခဲ့ကြရတယ်လို့ တချို့ကဆိုတယ်။ ပြင်ပက ကြိုးဆွဲတဲ့အတိုင်း ကရတယ်ဆိုတဲ့ သဘောအဓိပ္ပာယ်ပေါ့'

**'နိုင်ငံတော်ယန္တရားများ စီးပွားရေးကုန်ထုတ်လုပ်မှု ဆောင်ရွက်ရတဲ့ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေး၊ တည်ဆောက်ရေး၊ ငြိမ်းချမ်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဌာနအလိုက် တာဝန်ယူဆောင်ရွက်ကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ဘယ်အစိုးရတက်တက်၊ လုပ်ငန်းမပျက် ကိုယ့်အလုပ်ခွင်မှာ တာဝန်ကျေကျေ ထမ်းဆောင်နေကြရမှာ။ ကိုယ့်အလုပ်ကို အကောင်းဆုံးလုပ်တာဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆပ်နေရခြင်းပဲ။ သူရဲကောင်းတွေလေ။ ကိုယ့်ရဲ့လုပ်အားဟာ နည်းနည်းများများ ပြည်သူနဲ့တိုင်းပြည်အတွက် တိုးတက်ဖွံ့ဖြိုးသာယာဖို့သာ အမှန်ဖြစ်တယ်'**

'အဲဒါ မမှန်ဘူးလား'

'သူ့ဘာသာသူ အခြားလူက အထက်မှကြိုးဆွဲတာကို ကချင်တဲ့လူလည်းရှိမယ်။ ကခဲ့တဲ့သူလည်း ရှိတတ်တယ်။ မိမိရဲ့သမိုင်းကို မိမိကိုယ်တိုင်သာ ရွေးချယ်ဆုံးဖြတ်ပြီး ကိုယ်ပိုင်လွတ်လပ်မှုနဲ့ လုပ်ဆောင်ရမယ်ဆိုတဲ့ စိတ်ထားခိုင်ခိုင်မာမာ ရှိတဲ့လူစားတွေလည်း ရှိခဲ့တယ်'

'သူငယ်ချင်း၊ အဲဒါ လွတ်လပ်ရေးအရေးတော်ပုံ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်တွေပေါ့'

'တစ်ဦးချင်းရဲ့လွတ်လပ်ခြင်း၊ အမိုခိုကင်းခြင်း၊ သူတစ်ပါးစေခိုင်းညွှန်ကြားတာကို လိုက်နာရခြင်းကင်းတာကတော့ တောင်သူအလုပ်၊ လယ်သမားအလုပ်မျိုးပဲ'

'ဟုတ်တာပေါ့'

'မုဆိုးတွေ၊ တံငါတွေလည်း ကိုယ့်သဘောနဲ့ကိုယ်၊ ကိုယ်ကြိုက်တဲ့တောကိုသွား၊ ကိုယ်နှစ်သက်ရာ ချောင်းထဲ၊ မြစ်ထဲသွား။ လွတ်လပ်တယ်'

'ဟုတ်ပါ့ဗျာ'

'ဒါပေမယ့် ဝန်ထမ်းဆိုသူကတော့ သူ့အလုပ်ရှင်ရဲ့မျက်နှာကိုကြည့်ကြရတယ်'

'အစိုးရဝန်ထမ်းတွေပေါ့'

'အစိုးရဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း ကြိုက်သလိုခေါ်၊ ပုဂ္ဂလိကလုပ်ငန်းက ဝန်ထမ်းတွေလည်း အလားတူ ဒီသဘောပါတာပဲ။ အလုပ်ရှင်ရဲ့တာဝန်ပေးချက်အတိုင်း လုပ်ရတာလေ၊ မန်နေဂျာချုပ်ပဲဖြစ်ဖြစ်၊ သန့်ရှင်းရေးသမားပဲဖြစ်ဖြစ်။ တာဝန်ပေးတဲ့အတိုင်း လုပ်ဆောင်ရတာပဲ'

'ဒါဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းဘဝက မကောင်းဘူးပေါ့နော်'

'ကိုယ်မပြောပါဘူး။ အဲသလို မဆိုလိုဘူး'

'လိပ်ပြာလေးလို လေဟုန်မှာပျံဝဲပြီး အရပ်ရှစ်မျက်နှာ ပျံချင်ရာပျံမှာပဲဆိုတဲ့ လွတ်လပ်သူ လူစားတွေကိုလဲ သူငယ်ချင်းက မတားဘူးပေါ့'

'ဘာလို့တားရမှာလဲ။ သူ့ဆန္ဒနဲ့သူ ရွေးချယ်လေ'

'ဟ ၊ ကိုယ့်လူရ ဝန်ထမ်းတွေ လျော့ကုန်မှာပေါ့ဟ'

'ဩော်... နှစ်ပေါင်းများစွာ လေ့ကျင့်ပျိုးထောင်လာခဲ့ရတာမို့ ကျွမ်းကျင်ဝန်ထမ်းတွေ အလုပ်ခွင်မှ ထွက်ခွာသွားရင် အလွန်ပဲ နှမြောစရာပေါ့။ စိတ်မကောင်းစရာ အမှန်ပေါ့'

'မဖြစ်သင့်ဘူးနော်'

'ခေါ်တဲ့လူကခေါ်၊ မျှားတဲ့သူကမျှားတော့၊ သွားတဲ့လူလည်းသွားတာ ရှိနိုင်တာပေါ့။ တကယ်တော့ ဝန်ထမ်းဆိုတာ နိုင်ငံ၊ လူမျိုး၊ ပြည်သူ့အကျိုးကို စွန့်လွှတ်စိတ်နဲ့ အနစ်နာခံတဲ့ လူစားမျိုးတွေသာ ထမ်းရွက်နိုင်တာ။ ပြည်သူ့ကောင်းကျိုးကို စေတနာနည်းရင် ဆက်ပြီးမထမ်းနိုင်ပါဘူး။ စေတနာထက်သန်သူ မှန်မှသာ လုပ်နိုင်ကြပါတယ်'

'ဒါဆိုရင် အခက်အခဲအမျိုးမျိုးကြားကပဲ နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို ဖွဲ့ရှိရှိ၊ သစ္စာရှိရှိ၊ လုပ်ငန်းမပျက်၊ ဆက်လက်ထမ်းဆောင်နေကြတဲ့ ဒီလိုနိုင်ငံ့ဝန်ထမ်းတွေဟာ ဂုဏ်ပြုထိုက်တဲ့သူတွေပေါ့'

'အမှန်ပါပဲ။ သူတို့ကသာ အစစ်အမှန် သူရဲကောင်းတွေပဲ'

**'နိုင်ငံတော်ယန္တရားမှာ စီးပွားရေးကုန်ထုတ်လုပ်မှု ဆောင်ရွက်ရတဲ့ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေး၊ တည်ဆောက်ရေး၊ အေးချမ်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဌာနအလိုက် တာဝန်ယူဆောင်ရွက်ကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ဘယ်အစိုးရတက်တက်၊ လုပ်ငန်းမပျက် ကိုယ့်အလုပ်ခွင်မှာ တာဝန်ကျေကျေ ထမ်းဆောင်နေကြရမှာ။ ကိုယ့်အလုပ်ကို အကောင်းဆုံးလုပ်တာဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆက်နေရခြင်းပဲ။ သူရဲကောင်းတွေလေ'**

'ဟုတ်တာပေါ့'

**'ကိုယ့်ရဲ့လုပ်အားဟာ နည်းနည်းများများ ပြည်သူနဲ့တိုင်းပြည်အတွက် တိုးတက်ဖွံ့ဖြိုးသာယာဖို့သာ အမှန်ဖြစ်တယ်။** ဒီစေတနာနဲ့ ငါလုပ်တယ်ဆိုတဲ့ လူတွေဟာ ဘယ်နေရာမှာနေနေ၊ ဘယ်ရာထူးမှာရှိရှိ၊ ဘယ်အလုပ်ကိုလုပ်လုပ်၊ သူဟာ နိုင်ငံ့သားကောင်းတွေပါပဲ။ သူက ဝန်ထမ်းဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ တိုင်းပြည်ရဲ့ ကောင်းကျိုးကိုသာ ဦးထိပ်ထားတဲ့ ရည်ရွယ်ချက်စေတနာနှလုံးသားထဲက ပါဖို့လိုတယ်'

'ဟုတ်ပါရဲ့နော်'

'စည်းကမ်းမလိုက်နာနိုင်ရင် ထွက်ပေါ့။ ဘယ်သူကမှ ကြာကြာချော့ခေါ်မှာမဟုတ်ပါ။ ကျင့်ဝတ်မလိုက်နာနိုင်ခဲ့ရင် အစထဲက

*စာမျက်နှာ ၁၁ သို့*

**'ဝန်ထမ်းဆိုတာကတော့ နေ့စဉ်မပျက် ရုံးချိန်မှန်မှန် ရုံးတက်ရတယ်။ နောက်ကျလို့မရ။ ပြန်ချင်တိုင်း ထပြန်လို့မရဘူး။ ရုံးဆင်းချိန်မှ ပြန်ရပေမယ်။ အိမ်မှာလုပ်စရာတွေ ရှိနေပေမယ့် စောပြန်လို့မရပါ။ (ခွင့်တင်လို့ ခွင့်ပြုချက်ရမှ ခွင့်ရရင်သာ ပြန်လို့ရတာလေ)။ အတိုချုပ်ပြောတာပါ။ ထားရာမှာနေ၊ စေရာ သွားရပါတယ်။ ကိုယ်ကြိုက်တာလုပ်လို့မရဘူး။ လုပ်ရမှာကိုသာ ဦးစားပေးလုပ်ရတယ်။ လုပ်သင့်တာကိုပဲ လုပ်ရတယ်။ မလုပ်သင့်တာ မလုပ်ရဘူး။ မပြောသင့်တာ မပြောရဘူး။ ဝန်ထမ်းကျင့်ဝတ်ဆိုတာ နေသားမကျရင် အတော်နေရ ကျပ်လှပါတယ်။ သို့ပေမယ့် ဝန်ထမ်းစည်းမျဉ်းအရ လုံခြုံမှုအပြည့်အဝရှိနေတယ်။ ကိုယ်ကစည်းကမ်းမဖောက်သမျှ ဘယ်အထက်လူကိုမှ ကြောက်စရာ မလိုဘူး'**

# ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၅/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည် –

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှစ၍ COVID–19 ရောဂါ ခံတတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှု သိသိသာသာကျဆင်းလာခြင်း၊

(ခ) ခံတတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု မရှိခြင်း၊

(ဂ) Stay at Home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထား ဆောင်ရွက်ခဲ့ခြင်း၊

(ဃ) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်း။

၃။ ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အပိုဒ် (၂) ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည့်အပြင် ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၁–၃–၂၀၂၁ ရက်နေ့၊ ၀၄:၀၀ နာရီအချိန်မှစ၍ ယင်းမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

*စာမျက်နှာ ၁၀ မှ*

အလုပ်မလျှောက်နဲ့လေ။ ကိုယ်ပိုင်လွတ်လပ်တဲ့ အလုပ်ကိုသာလုပ်။ ဈေးရောင်းရင်လည်းရတယ်။ ဥပမာ ပြောတာပါ။ အသက်မွေးဝမ်းကျောင်းစရာ အလုပ်တွေအများကြီးပါ။ သူခိုး၊ ခါးပြ၊ ပြည့်တန်ဆာ၊ လူလိမ်လူကောက် မဖြစ်ရင် ပြီးတာပဲ။'

'အေးဗျ၊ ဒါတော့ဟုတ်တယ်'

'ဝန်ထမ်းဆိုတာကတော့ နေ့စဉ်မပျက် ရုံးချိန်မှန်မှန် ရုံးတက်ရတယ်။ နောက်ကျလို့မရ၊ ပြန်ချင်တိုင်း ထပြန်လို့မရဘူး။ ရုံးဆင်းချိန်မှ ပြန်ရပေမယ်။ အိမ်မှာလုပ်စရာတွေ ရှိနေပေမယ့် စောပြန်လို့ မရပါ။ (ခွင့်တင်လို့ ခွင့်ပြုချက်ရမှ ခွင့်ရရင်သာ ပြန်လို့ရတာလေ)။ အတိုချုပ်ပြောတာပါ။ ထားရာမှာနေ၊ စေရာသွားရပါတယ်။ ကိုယ်ကြိုက်တာ လုပ်လို့မရဘူး။ လုပ်ရမှာကိုသာ ဦးစားပေးလုပ်ရတယ်။ လုပ်သင့်တာကိုပဲ လုပ်ရတယ်။ မလုပ်သင့်တာ မလုပ်ရဘူး။ မပြောသင့်တာ မပြောရဘူး။ ဝန်ထမ်းကျင့်ဝတ်ဆိုတာ နေသားမကျရင် အတော်နေရ ကျပ်လှပါတယ်'

'မလွယ်ပါလားကွယ်'

'သို့ပေမယ့် ဝန်ထမ်းစည်းမျဉ်းအရ လုံခြုံမှု အပြည့်အဝ ရှိနေတယ်။ ကိုယ်က စည်းကမ်းမဖောက်သမျှ ဘယ်အထက်လူကိုမှ ကြောက်စရာမလိုဘူး။ ဘယ်သူကမှ မတရားဖိနှိပ်လို့မရဘူး။ ဝန်ထမ်းကျင့်ဝတ်ရှိသလို ဝန်ထမ်းဆိုင်ရာ ဥပဒေက အပြည့်အဝ အကာအကွယ်ပေးထားပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှု၊ ရိုးသားမှု၊ တာဝန်ကျေပွန်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစားယုံကြည်ခံရမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ သစ္စာရှိမှုတွေကြောင့် အောက်ခြေဝန်ထမ်းမှ အမြင့်ဆုံး ထိပ်ဆုံးအရာရှိကြီးအဆင့်အထိ ရောက်ရှိခဲ့ကြသူတွေလည်း အများကြီးပဲ။'

'ဟုတ်လား။ နမူနာသာဓကပြပါဦး'

'မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌကြီး ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ သူဟာ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်ရာထူးတိုးမြှင့်ခံရပြီး ရောက်လာခဲ့တာလေ။ မိုးလေဝသညွှန်ချုပ် ဦးထွန်းလွင်။ စိုက်ပျိုးရေးညွှန်ချုပ် ဦးလှကျော် (နောင်အခါ ဒုဝန်ကြီးတောင်ဖြစ်လာခဲ့ပါရဲ့)။ သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း စသဖြင့် ဥပမာပြစရာ ကိုယ့်ပြည်တွင်းမှာ အများကြီးပါပဲ။ တပ်မတော်မှာလည်း ရဲဘော် တပ်သားသစ်ဘဝမှ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့သူတွေ ရှိခဲ့ပေတာပဲ'

'ရှိဖူးသလား။ ဘယ်သူတွေလဲ'

'အများကြီးပေါ့။ ဗိုလ်ချုပ်ကြီး ကျော်ထင်၊ ဗိုလ်ချုပ်ကြီးထွန်းရီ၊ ဗိုလ်ချုပ်တင့်ဆွေ၊ ဗိုလ်ချုပ်သန်းတင်၊ ဗိုလ်ချုပ်သောင်းဒန် စသဖြင့် တိုင်းပြည်နဲ့ပြည်သူအတွက် ဘာပဲလုပ်ရလုပ်ရ၊ စွန့်လွှတ်အနစ်နာခံမယ်၊ ကျရာနေရာမှာ ထားရာနေပြီး အကောင်းဆုံးတာဝန်ကျေအောင် ထမ်းဆောင်မယ်ဆိုတဲ့ သစ္စာရှိသူတွေဟာ ထိုက်သင့်တဲ့နေရာကို တာဝန်ယူသွားကြတာပဲ'

'သူငယ်ချင်းက အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို လေးစားအားကျတယ် ထင်တယ်'

'Every man is his own historian လူတိုင်း လူတိုင်းက သူ့သမိုင်းကို သူကိုယ်တိုင်ရေးတာပဲ ဆိုတဲ့ ဆိုရိုးစကားကို လက်ခံတယ်။ ကိုယ့်ပခုံးပေါ် ကျရောက်လာတဲ့တာဝန်ကို ကောင်းမွန်ကျေပွန်အောင် အစွမ်းကုန်ထမ်းဆောင်ရမယ်လို့ ခံယူပါတယ်'

'သူငယ်ချင်းရဲ့ဆောင်ပုဒ်က ဘာလဲ'

**"ဦးလည်မသုန်"**

"ဘာအဓိပ္ပာယ်လဲကွာ"

'မြိုင်ဝေတောကြီး၊ ဤခရီးဝယ်
ချီးနီးသက်သက်၊ သေသော်ထက်ကား
ဆက်လက်တည်ညီ၊ တစီတလျဉ်
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
တစစ်တမက်၊ ကိုယ်နှင့်သက်ကို
နှင်းဆက်တိုက်မည်၊ အားသန်ရည်လျက်
**ဦးလည်မသုန်**၊ ထမ်းပါကုန်လော့။ ။'

**လက်ဝဲသုန္ဒရ ဦးမြတ်စံ**
**(၁၇၂၇–၁၇၉၉) (ဇျူဟာစက္ကိပျို့မှ)**

ရေးခဲ့ဖူးတာကို ကိုယ်အသက် ၂၀ ကတည်းက ခံယူထားခဲ့တယ် ကွာ'

'သိပြီ။ ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဆိုတဲ့ သစ္စာအဓိဋ္ဌာန်သဘောပဲပေါ့'

'မှန်တယ်'

'သူငယ်ချင်း ကိုယ်တိုင်ဆုံးဖြတ်ခွင့်မရှိဘဲ အထက်ကခိုင်းသမျှ လုပ်ရတာ ပျော်ပိုက်နိုင်ပါ့မလား'

**'ဝန်ထမ်းဘဝဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ပေးဆပ် အနစ်နာခံရတာတွေ အလွန်ကြီးမားများပြားပေမယ့်လည်း အလုပ်ခွင်မှာ ပျော်ရွှင်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက စည်းလုံးတယ်။ တစ်ယောက်အတွက် တစ်ယောက်က အသက်ပေးပြီး သံယောဇဉ်ကြီးကြတဲ့ ရဲဘော်ရဲဘက်စိတ် မေတ္တာသံယောဇဉ်ရှိကြတယ်။** (ကိုယ်ပိုင်စီးပွားရေးလုပ်သူမှာ ဒီလို အသက်ပေးချစ်ခင်တဲ့ ရဲဘော်ရဲဘက်စိတ်မျိုး Spirit-de-Corps မရရှိနိုင်)။ **ပြည်သူလူထုက ဝန်ထမ်းကောင်းတွေကို လေးစားရှိသေကြတယ်။ အနစ်နာခံမှု ထမ်းဆောင်မှုစေတနာတွေကို တန်ဖိုးထားကျေးဇူးတင်ကြတယ်။ အဲဒါတွေက ဝန်ထမ်းဘဝ မချမ်းသာကြပေမယ့် ကျေနပ်ဂုဏ်ယူနိုင်တာတွေပေါ့ကွယ်'**

'သူတစ်ပါး ကြိုးဆွဲရာကိုသာ လိုက်ပါကရတဲ့ ရုပ်သေးရုပ်တော့ မဟုတ်ဘူးပေါ့နော်'

'မတူဘူး။ ရုပ်သေးရုပ်သဖွယ်၊ သူတစ်ပါးစေခိုင်းတဲ့ ပြည်ပက တီးကွက်အတိုင်း လိုက်နာပြီး တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ဘဝကို ဖျက်ဆီးရိုက်ချိုး၊ မတိုးတက် မဖွံ့ဖြိုးရလေအောင် ပျက်စီးရာ ပျက်စီးကြောင်း ဘယ်သူတွေ လုပ်နေကြသလဲဆိုတာကတော့ သမိုင်းကပဲ ရေးသွားပါလိမ့်မယ်။'

'သူငယ်ချင်းကတော့ ဘာဖြစ်ချင်တာလဲ။ ဘာရာထူး ရချင်တာလဲ'

'ဘာရာထူးမှ မလိုချင်ပါဘူး။ ကိုယ်ပြုတဲ့ကံ ပွဲတင်သံ ကိုယ့်ထံ ပြန်လာမယ်။ ဘုရားဟောကြားတော်မူတဲ့တရားကို အစွမ်းကုန် လိုက်နာကျင့်သုံးသွားမယ်'

'ဘာလဲ၊ ပြောပါဦး'

'သီတဂူဆရာတော်ဘုရားကြီးက ကဗျာ လင်္ကာလေး စီကုံးတော် မူဖူးတယ်ကွဲ့၊ မြတ်စွာဘုရားရဲ့ ဩဝါဒ ပါတိမောက်ဆိုပါစို့–

မကောင်းမှုများ၊ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း၊ စုဆောင်းကြပါ။
မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊
ဤသုံးပါး၊ ဘုရားသာသနာ။ ။

သာသနာတော်ကြီး အရှည်တည်တံ့၍ ပြန့်ပွားပါစေ၊ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေ။

'သာဓု၊ သာဓု၊ သာဓုပါ သူငယ်ချင်းရာ'

## သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟု လည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့်အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင် ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ၂၄–၂–၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သံတွဲမြို့နယ် မြံ့ချောင်ကျေးရွာ၌ နေအိမ်တစ်လုံးမီးလောင်



**သံတွဲ ဖေဖော်ဝါရီ ၂၈**

သံတွဲမြို့၏ (၃) မိုင်ခန့်အကွာရှိ မြံ့ချောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၄ နာရီကျော်က နေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သံတွဲမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦး စုစုပေါင်း ၁၅ ဦးတို့သည် မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ရာ ညနေ ၅ နာရီကျော်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်စဉ်မှာ ဒါးမိန်းအပူလွန်ကဲပြီး လျှပ်စစ်ဝိုင်ယာကြိုးများ မီးလောင်ရာမှ အနီးရှိ ဝါးထရံသို့ ကူးစက်လောင်ရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ မလဲ့လဲ့ဝင်း ကို သံတွဲမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်တွင် နေထိုင်သူ လူကြီးကျား တစ်ဦး၊ မ တစ်ဦး၊ ကလေး ကျား တစ်ဦး၊ မ တစ်ဦး စုစုပေါင်း မီးဘေးဒုက္ခသည် လေးဦးတို့အား နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်၌ မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံး






**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်၌ ဖေဖော်ဝါရီ ၂၇ ရက်က မီးလောင်မှုဖြစ်ပွား၍ နေအိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်နေ သန့်ဇင် ပိုင် နေအိမ်မီးဖိုချောင်၌ လျှပ်စစ်ရေနွေးအိုး တည်ရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ခဲ့ပြီး မွန်းလွဲ ၂ နာရီကျော်တွင် မီးငြိမ်းသွားကြောင်းနှင့် မီးလောင်မှုကြောင့် သွပ်မိုး နေအိမ်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် သန့်ဇင် အား ဇေယျာသီရိ နယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များကို အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ငါးစီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက် စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ကိုးစီး၊ စုစုပေါင်း ၂၆ စီးတို့ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မီးလောင်မှုဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ ဖေဖော်ဝါရီ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၂ နာရီက သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာနေ ဘုန်းမြင့်ဦး ပိုင်ဆိုင်သော ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၄၄)ရပ်ကွက်နေ စက္ကူစက်ရုံ၌ ဝရိန်ဆော်ရန် ယာယီသွယ်တန်းထားသော ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ စက္ကူဖြတ်စများသို့ မီးကူးစက်လောင်ခဲ့ပြီး နံနက် ၄ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဘုန်းမြင့်ဦး ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်မဲမြို့နယ်၌ လေပြင်းတိုက်ခတ်၍ နေအိမ်တစ်လုံး အမိုးလန်ပျက်စီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် ကျွဲကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

လက်စတာအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲတွင် စလာဗီယာပရာ့ဂ်အသင်းကို ရှုံးနိမ့်ခဲ့သည့် လူစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး ရှမိုက်ကယ်၊ ကက်စတိတ်ဂ်၊ အီဗန့်စ်၊ ဆိုယွန်ကူ၊ သောမတ်စ်၊ တိုင်လီမန့်စ်၊ အင်ဒီဒီ၊ အီဟီယာနာချို၊ ဘားနက်စ်၊ ဗာဒီ စသည့်ကစားသမားများဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ အာဆင်နယ်အသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်မှာ လူစာရင်းကို အများအပြားအပြောင်းအလဲ ပြုလုပ်ကာ လီနို၊ တီယာနေ၊ မာရီ၊ လူးဝစ်၊ ရှာကာ၊ အလ်နီနီ၊ ဝီလီယံ၊ စမစ်ရိုဝီ၊ ပီပီ၊ လာကာဇက်စသည့် ကစားသမားများဖြင့် လက်စတာအသင်းကို ရင်ဆိုင်လာခဲ့သည်။

အမှတ်ပေးဇယားရပ်တည်မှုအရ နိုင်ပွဲရရှိရေးကိုသာ ဦးတည်လာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပွဲအစပိုင်းတွင်ပင် ထိုးဖောက်တိုက်စစ်ဆင်မှုများကို မြင်တွေ့ခဲ့ရသည်။ ပွဲချိန် ၇ မိနစ်တွင် လက်စတာအသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး တိုင်လီမန်းစ်က သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်း ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း လက်စတာအသင်းအပေါ် ဖိအားပေးကစားလာနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုကို ပွဲချိန် ၁၉ မိနစ်ကျော်သည်အထိ မြင်တွေ့ခဲ့ရခြင်း မရှိပေ။ ပွဲချိန် မိနစ် ၂၀ တွင် လက်စတာအသင်းမှ ဘားနက်စ်၏ အဝေးကန်ချက်ကို အာဆင်နယ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည့်အတွက် သက်သာရာရခဲ့သည်။ ပွဲကစားချိန် မိနစ် ၄၀ တွင် အာဆင်နယ်အသင်း ချေပဂိုးရရှိခဲ့၍ ဝီလီယံ၏ ဖန်တီးပေးမှုမှတစ်ဆင့် လူးဝစ်က ခေါင်းတိုက် သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်း ပွဲချိန်ပြီးခါနီးတွင် အာဆင်နယ်အသင်း ပယ်နယ်တီရရှိခဲ့ကာ လာကာဇက်က အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့အပြင် ပထမပိုင်း ပွဲကစားချိန်အတွင်း အိမ်ရှင်လက်စတာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် အာဆင်နယ်အသင်းက ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လက်စတာအသင်းသည် ကစားကွက် အပြောင်းအလဲလုပ်ကာ သောမတ်စ်၏ နေရာကို အယ်ဘရိုက်တန်ဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းကသာ ဖိအားပေးကစား နိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၅၃ မိနစ်တွင် အာဆင်နယ်အသင်း တတိယဂိုးရရှိခဲ့ပြီး ပီပီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို ထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် ၂၆ ပွဲတွင် ၃၇ မှတ်အထိ ရရှိထားပြီဖြစ်သည်။

**အောင်ဇော်**

# ကျောက်တံခါးမြို့၌ ဆိုင်ကယ်မှောက်၍ တစ်ဦးသေ

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အလယ်ကျွန်းကျေးရွာအနီး ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးမိုင်တိုင်အမှတ် ၁၈၁/၅ နှင့် ၆ ကြားတွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီခန့်က ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ရာ ဆိုင်ကယ်မောင်းသူအမျိုးသားတစ်ဦး နေရာတွင် သေဆုံးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ်ကျော်ခိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ကျော်မင်းလွင် စဥ့်အိုးလှကျေးရွာ ကျောက်တံခါးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် (လိပ်စာတူ) ကိုဖိုးကျော် စီးနင်းလိုက်ပါလာသော နံပါတ်မပါ CB----၊ SUPER FOUK ဆိုင်ကယ်သည် လမ်း၏ယာဘက်ခြမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လယ်ကွက်ထဲသို့ ထိုးကျတိမ်းမှောက်သွားသဖြင့် ဆိုင်ကယ်မောင်းသူ ကျော်မင်းလွင်တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး နောက်မှစီးနင်းလိုက်ပါလာသူ ကိုဖိုးကျော်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ကျောက်တံခါး မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ ကျော်မင်းလွင်အား ကျောက်တံခါး မြို့မရဲစခန်း က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# ဗီဇပြောင်း ကိုဗစ်-၁၉ ကို စောင့်ကြည့်ရန် ဂျပန်အစိုးရက ထောက်ပံ့မှုများ ပြုလုပ်မည်



**တိုကျို ဖေဖော်ဝါရီ ၂၈**
ဂျပန်နိုင်ငံတစ်လွှား ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများ တွေ့ရှိပြီးနောက် ဂျပန်အစိုးရသည် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုကို စောင့်ကြည့်မည်ဟု ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၂၅ ရက်အထိလူပေါင်း ၂၀၂ဦးတွင် ဗြိတိန်နိုင်ငံ၌ တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုကို တွေ့ရှိရသည်။

အဆိုပါ အရေအတွက်တွင် လေဆိပ်ရှိ အသွားအလာစောင့်ကြည့်ကန့်သတ်ရေးစင်တာများတွင် တွေ့ရှိရသည့် အရေအတွက်လည်း ပါဝင်သည်။ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှာ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို လျော့နည်းသွားစေသည်ဟု ကျွမ်းကျင်သူများက ထောက်ပြကြသည်။

မတ်လအစောပိုင်းမှစတင်ကာ ဂျပန်နိုင်ငံရှိ ခရိုင်များတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကို လျင်မြန်စွာ ထောက်လှမ်းနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲ က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရသည် ယခုအခါ တိုင်းပြည်တစ်လွှားရှိ ပြည်သူ့ကျန်းမာရေး အင်စတီကျူများတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကို လျင်လျင်မြန်မြန် ထောက်လှမ်းတွေ့ရှိနိုင်သည့် စမ်းသပ်မှုများ လုပ်ဆောင်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်လွှတ်တော်တွင် ကိုဗစ်-၁၉ သက်သာချောင်ချိရေး ဥပဒေကြမ်းကို အတည်ပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**
အမေရိကန်အောက်လွှတ်တော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ တန်ကြေးရှိ သက်သာချောင်ချိရေး အစီအစဉ်ကို အတည်ပြုပေးလိုက်သည်။

အဆိုပါဥပဒေကြမ်းသည်ဖေဖော်ဝါရီ၂၇ ရက်က လွှတ်တော်တွင် အတည်ပြုချက်ရရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံသားတစ်ဦး တစ်ယောက်ချင်းစီကို အမေရိကန်ဒေါ်လာ ၁၄၀၀ ပေးမည်ဖြစ်ပြီး အရေးပေါ်ကာလအတွင်း အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကိုလည်း ဩဂုတ်လအထိ သက်တမ်းတိုးချဲ့ပေးမည်ဖြစ်သည်။ အနိမ့်ဆုံး လုပ်ခလစာကိုလည်း နှစ်ဆကျော် ပေးမည်ဖြစ်ပြီး အလုပ်လက်မဲ့များအတွက် အကျိုးခံစားခွင့် တိုးမြှင့်ပေးရန်မှာ မတ်လ ၁၄ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် အဆိုပါ ဥပဒေကြမ်းကို ဆီးနိတ်လွှတ်တော်တွင် အတည်ပြုနိုင်ရေး ရည်ရွယ်ထားသည်။

အနိမ့်ဆုံးလုပ်ခ လစာတိုးမြှင့်ပေးရန် အစီအစဉ်ကို ဒီမိုကရက်တစ်အမတ်များနှင့် ရီပတ်ဘလစ်ကန်အမတ်များက သဘောမတူကြချေ။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် အသေးစားနှင့် အလတ်စား ကုမ္ပဏီများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး အလုပ်အကိုင်ဆုံးရှုံးမှုများ ပိုမိုများပြားလာနိုင်စေသည့်အတွက် သဘောမတူကြခြင်းဖြစ်ကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ဘန်ကောက် ဖေဖော်ဝါရီ ၂၈**
ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများကို ဖေဖော်ဝါရီ ၂၈ရက်တွင် စတင်နေပြီဖြစ်သည်။ တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကာကွယ်ဆေးကို ထိုင်းနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက တိုင်းပြည်၏ ကူးစက်ရောဂါ အင်စတီကျူတွင် ပြုလုပ်သည့် ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်တွင် ပါဝင်ခဲ့ကြပြီး ပြည်သူ့ကျန်းမာရေး ဒုတိယ ဝန်ကြီး၊ စိုက်ပျိုးရေး ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီး၊ ပညာရေး ဒုတိယဝန်ကြီးတို့သည်လည်း ကာကွယ်ဆေးထိုးနှံမှုကို ခံယူခဲ့ကြသည်။

ယနေ့သည် သမိုင်းဝင်နေ့ဖြစ်ပြီး တိုင်းပြည်တွင် ကပ်ရောဂါ တိုက်ဖျက်နိုင်ရေး အတွက် ယုံကြည်မှု တည်ဆောက်သည့်နေ့ဖြစ်သည်ဟု ပရာယုဒ်က သတင်းထောက်များကို ပြောသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ထိုင်းနိုင်ငံအတွင်း ကူးစက်မှု ဗဟိုချက်မနေရာ ဖြစ်နေသည့် စမွတ်စခွတ်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးထိုးပေးရန် စီစဉ်ထားသည်။

ကာကွယ်ဆေး ထိုးပေးမည့် အုပ်စုများထဲတွင် ဒေသခံအရာရှိများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများ အစရှိသည့် ကူးစက်နိုင်ခြေများသည့် လူများကို ကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၌ တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပြီး အလုံးရေ ၂၀၀၀၀၀ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပြည်နယ် ၁၃ ခုသို့ ဖြန့်ဝေပေးခဲ့သည်ဟု သိရသည်။ ထို့ပြင် မတ်လနှင့် ဧပြီလတို့တွင် ကာကွယ်ဆေး ၁ ဒသမ ၈ သန်း ထပ်မံရောက်ရှိမည်ဟု သိရသည်။

ဆင်ဟွာ




ထိုင်းနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိစဉ်။

# ဂျေအင်န်ဂျေမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အမေရိကန် အက်ဖ်ဒီအေမှ အတည်ပြုပေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**
အမေရိကန် ပြည်ထောင်စုတွင် ဂျွန်ဆင်အင်န်ဂျွန်ဆင် (ဂျေအင်န်ဂျေ) မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အရေးပေါ် အခြေအနေတွင် သုံးစွဲခွင့်ပြုရန်အတွက် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန( အက်ဖ်ဒီအေ)က ဖေဖော်ဝါရီ ၂၇ ရက်တွင် အတည်ပြုပေးခဲ့သည်။

အမေရိကန်နိုင်ငံအတွင်း တတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးခဲ့ခြင်းလည်း ဖြစ်သည်။ ဂျာမနီမှ မိတ်ဖက်ကုမ္ပဏီနှင့် တွဲဖက်ထုတ်လုပ်ထားသည့် ဖိုက်ဇာကာကွယ်ဆေးကို ဦးစွာ အမေရိကန်တွင် ခွင့်ပြုပေးခဲ့ပြီး မော်ဒါနာ ကုမ္ပဏီမှ ထုတ်လုပ်သည့်ကာကွယ်ဆေးကို ဒုတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် အတည်ပြုပေးခဲ့သည်။



ဂျေအင်န်ဂျေမှ ထုတ်လုပ်သည့် ကိုဗစ် - ၁၉ ကာကွယ်ဆေး။

ဂျွန်ဆင်အင်န်ဂျွန်ဆင် (ဂျေအင်န်ဂျေ) Johnson & Johnson ကာကွယ်ဆေးမှာ အမေရိကန်တွင် အတည်ပြုပေးခဲ့သည့် တစ်ကြိမ်သာ ထိုးရန်လိုအပ်သည့် ကာကွယ်ဆေးလည်းဖြစ်သည်။ အဆိုပါ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက်များကို ထိုးနှံပေးရန် အမေရိကန် အက်ဖ်ဒီအေက အတည်ပြုပေးခဲ့သည်။ ယင်းကာကွယ်ဆေးမှာ ကိုဗစ်-၁၉ ကို ကာကွယ်ပေးရာတွင် အစွမ်းထက်သည်ဟု ရှင်းလင်းသည့် အချက်အလက်များက ပြသလျက်ရှိသည်ဟု အက်ဖ်ဒီအေက ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကာကွယ်ဆေးကို အသုံးပြုခြင်းဖြင့် ဘေးထွက်ဆိုးကျိုးထက် ကောင်းကျိုးက အလေးသာလျက်ရှိကြောင်း၊ ယင်းအချက်ကြောင့် အသက် ၁၈ နှစ်နှင့် အထက်များကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် ကုမ္ပဏီက ခွင့်ပြုချက်တောင်းခံမှုကို ထောက်ခံအားပေးလျက်ရှိကြောင်း အက်ဖ်ဒီအေက ပြောသည်။

ဖိုက်ဇာနှင့် မော်ဒါနာ ကာကွယ်ဆေးများနှင့် မတူညီသည်မှာ ယင်းကာကွယ်ဆေးများသည် နှစ်ကြိမ်ထိုးနှံရပြီး ဂျွန်ဆင်အင်န်ဂျွန်ဆင် (ဂျေအင်န်ဂျေ) ကာကွယ်ဆေးမှာမူ တစ်ကြိမ်သာထိုးရန် လိုအပ်သည်။

ထို့ပြင် လွန်ကဲသည့် အအေးခတ်အောက်တွင် ထိန်းသိမ်းထားရန်လည်း မလိုအပ်ပေ။ အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကြောင့် အဆိုးရွားဆုံး ခံစားနေရသည့် နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈ သန်းရှိသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ဆောင်မှုတွေမှာ အရှိန်ရလာတဲ့ အာရှနဲ့အတူ ကာကွယ်ဆေးအစီအစဉ်မှာ လမ်းကြောင်းမှန်ပေါ်ရောက်ရှိလာတဲ့ အမေရိကန်နဲ့ အီးယူ

ထွန်းကျော်

**အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်ဝေဖြန့်ချိရာမှာ အဆိုးဘက်မှ အကောင်းဘက်ကို တိုးတက်လာခဲ့သလို ဥရောပသမဂ္ဂကလည်း ကာကွယ်ဆေးလွှမ်းခြုံထိုးနှံပေးနိုင်ဖို့ လမ်းကြောင်းပေါ်ရောက်ရှိနေပြီလို့ ပြောကြားလိုက်ပါတယ်။ အဲဒီအချိန်မှာ အာရှရဲ့ ကာကွယ်ဆေးထိုးလုပ်ဆောင်မှုတွေဟာလည်း အောင်မြင်မှုတွေ စတင်ရရှိနေပြီဖြစ်ပါတယ်။**

## သံသယရှိရန်မလိုကြောင်း အားပေးတိုက်တွန်း

ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူပေါင်း ၂၅၀၀၀၀ လောက် သေဆုံးခဲ့ပါတယ်။ ဘရာဇီးနိုင်ငံဟာ အမေရိကန်ပြည်ထောင်စုပြီးရင် ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကြောင့် ဒုတိယ သေဆုံးမှု အများဆုံး နိုင်ငံဖြစ်လာပါတယ်။ အသက် ၉၄ နှစ်ရှိပြီဖြစ်တဲ့ ဘုရင်မကြီး အဲလိဇဘက်-၂ ကတော့ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လှုပ်ရှားမှုတွေကို ထောက်ခံနေသလို ပြည်သူတွေကိုလည်း ကာကွယ်ဆေးထိုးနှံတဲ့အပေါ် သံသယရှိရန် မလိုကြောင်းလည်း အားပေးတိုက်တွန်းလိုက်ပါတယ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်ရဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုဟာ ကြိုတင်စီစဉ်ထားတာထက် သီတင်းပတ်အနည်းငယ် စောနိုင်ကြောင်း ကြေညာခဲ့ပါတယ်။ ဇန်နဝါရီ ၂၀ ရက်သူ သမ္မတတာဝန် ထမ်းဆောင်ချိန်ကတည်းက ပြည်သူသန်း ၅၀ ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ မျှော်လင့်ချက်လည်း အောင်မြင်ခဲ့ပါတယ်။ သို့သော်လည်း ဘိုင်ဒင်က ပြည်သူတွေကို နှာခေါင်းစည်း ဆက်လက် တပ်ဆင်ဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

## မှန်ကန်တဲ့လမ်းကြောင်းမှန်ကို လျှောက်နေပြီ

ကစဉ့်ကလျားဖြစ်စဉ်ကြီးကို လက်သင့်ခံထားရသော်လည်း မိမိတို့ဟာ မှန်ကန်တဲ့လမ်းကြောင်းအတိုင်း လျှောက်လှမ်းနေပြီဖြစ်ကြောင်း အရင် သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်ကို ရည်ညွှန်းပြီး ဘိုင်ဒင်က ပြောဆိုခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အဆိုးဆုံးခံစားခဲ့ရတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အခုသီတင်းပတ်အစောပိုင်းမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ငါးသိန်းကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်။

## အရှိန်အဟုန်ရလာတဲ့ အာရှရဲ့ ကာကွယ်ဆေး

အာရှရဲ့ ကာကွယ်ဆေးဖြန့်ဝေမှုတွေဟာလည်း အရှိန်အဟုန်ရလာပြီဖြစ်သလို ဟောင်ကောင်နဲ့ တောင်ကိုရီးယားတို့မှာလည်း ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေကို စတင်လုပ်ဆောင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါနေရာတွေဟာ လွန်ခဲ့တဲ့နှစ်အစောပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်းက စတင်ကူးစက်ဖြစ်ပွားလာတဲ့ ကိုဗစ်-၁၉ ကို ပထမဆုံး ခံစားခဲ့ရတဲ့နေရာတွေ ဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာ လူဦးရေ ၇၀ ရာခိုင်နှုန်းကို ခုနစ်လအတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ၇၀ ရာခိုင်နှုန်းထိုးပေးဖို့ စီစဉ်ထားသလို ဟောင်ကောင်မှာလည်း ဒီနှစ်ကုန်မှာ အရွယ်ရောက်ပြီးသူ အကုန်လုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ ရည်မှန်းထားပါတယ်။




အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ သန်း ၅၀ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံရေး အခမ်းအနားတွင် ကာကွယ်ဆေးထိုးခံနေသည့် အမျိုးသမီးတစ်ဦးအား အမေရိကန်သမ္မတ ဘိုင်ဒင်က အားပေးစကားပြောကြားစဉ်။

**“သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်ရဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုဟာ ကြိုတင်စီစဉ်ထားတာထက် သီတင်းပတ်အနည်းငယ် စောနိုင်ကြောင်း ကြေညာခဲ့ပါတယ်။ ဇန်နဝါရီ ၂၀ ရက် သူ သမ္မတတာဝန် ထမ်းဆောင်ချိန်ကတည်းက ပြည်သူသန်း ၅၀ ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ မျှော်လင့်ချက်လည်း အောင်မြင်ခဲ့ပါတယ်။ သို့သော်လည်း ဘိုင်ဒင်က ပြည်သူတွေကို နှာခေါင်းစည်း ဆက်လက်တပ်ဆင်ဖို့ တိုက်တွန်းနှိုးဆော်ထား”**

## ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးမယ်

ကာကွယ်ဆေးထုတ်လုပ်၊ ထောက်ပံ့ပို့ဆောင်မှုတွေမှာ အကျပ်အတည်းတွေဖြစ်ပြီး လပေါင်းအတော်ကြာပြီးနောက်မှာတော့ ဥရောပသမဂ္ဂဟာ ဒီနှစ်နွေရာသီအကုန်မှာ သူ့ရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့ ရည်မှန်းချက်အပေါ် ယုံကြည်ချက်အပြည့်အဝ ဖြစ်နေပါတယ်။

## စင်းလုံးချောအခြေအနေ မဖြစ်သေး

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာလည်း ၁၁၃ သန်းနီးပါး ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေမှုကတော့ စင်းလုံးချော အခြေအနေ မရောက်သေးပါဘူး။

ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာနဲ့ ချမ်းသာပြည့်စုံတဲ့နိုင်ငံတွေမှာ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၂၁၇ သန်း ထိုးနှံပြီးပြီဖြစ်ပြီး ဘရာဇီးနိုင်ငံမှာတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖို့ အတော်လေး ကြိုးစားဆောင်ရွက်နေရပါတယ်။

## ကြောက်ခမန်းလိလိ ရင်ဆိုင်နေရ

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ တစ်သန်းရဲ့ လေးပုံပုံ တစ်ပုံကျော် ရောက်ရှိလာပြီဖြစ်သလို ဒုတိယ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနဲ့လည်း ကြောက်ခမန်းလိလိ ရင်ဆိုင်နေရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ အထူးသဖြင့် ဘရာဇီးနိုင်ငံရဲ့ ဆင်းရဲတဲ့နေရာဒေသတွေမှာ ပိုပြီးဖြစ်ပွားခဲ့သလို အမေဇုန်မိုးသစ်တောရဲ့ မြို့တစ်မြို့ဖြစ်တဲ့ မနူးစ်ဆိုတဲ့ နေရာတွေမှာ ပိုမိုဖြစ်ပွားခဲ့ပြီးတော့ အဲဒီမှာရှိတဲ့ လူနာတွေဟာ အောက်ဆီဂျင်မရဘဲ သေဆုံးမှုတွေ ဖြစ်ခဲ့ပါတယ်။

## အမြင့်ဆုံးစံချိန်တင်ဖြစ်ပွားခဲ့

ထို့အပြင် ပါပူအာနယူးဂီနီနိုင်ငံမှာလည်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းကစကာ ဖေဖော်ဝါရီ ၂၆ ရက် တစ်နေ့တည်းမှာကိုပဲ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်တင် ဖြစ်ပွားခဲ့တဲ့အကြောင်း သတင်းဖော်ပြချက်တွေ တွေ့လိုက်ရတဲ့အခါမှာတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာနိုင်ခြေအပေါ် စိုးရိမ်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ရရှိဖို့ ကြိုးစားမှုတွေ ဆောင်ရွက်နေကြပါတယ်။

## စီးပွားရေးမှာ အထိနာလှ

ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်-၂ က ပြည်သူ့ကျန်းမာရေးကျွမ်းကျင်သူများနဲ့ စီစဉ်သူတွေစိုးရိမ်နေတဲ့ ကာကွယ်ဆေးထိုးရာမှာ ချီတုံချတုံဖြစ်နေသူတွေကို ဗီဒီယိုမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတာ မနာကြောင်းနဲ့ ကာကွယ်ဆေးထိုးကြဖို့ တိုက်တွန်းပြောကြားထားပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုဟာ ပျက်စီးမှုပေါင်းစုံဖြစ်ပေါ်စေတယ်လို့ ပြောရင် လွန်မယ်မထင်ပါဘူး။ ကမ္ဘာ့နိုင်ငံတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို အလူးအလဲခံစားကြရသလို လူသားတွေနဲ့ စီးပွားရေးအပေါ် ရိုက်ခတ်မှုကလည်း အတော်လေး ပြင်းထန်ဆိုးရွားလှပါတယ်။ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ၊ နယ်စပ်ဂိတ်ပိတ်သိမ်းမှုတွေ၊ သီးခြားခွဲခြားနေထိုင်ရမှုတွေကိုလည်း ကိုဗစ်-၁၉ ကို တားဆီး၊ ထိန်းချုပ်ဖို့ လုပ်ဆောင်ကြရတဲ့အတွက် စီးပွားရေးမှာ အထိနာလှပါတယ်။

မြောက်ကိုရီးယားဟာ ကမ္ဘာပေါ်မှာ အတင်းကျပ်ဆုံး ကပ်ရောဂါဆိုင်ရာ နယ်စပ်ပိတ်ဆို့ကန့်သတ်မှုတွေကို ချမှတ်ကျင့်သုံးခဲ့ပါတယ်။ အလားတူ နိုင်ငံတကာ ရထားလိုင်းတွေ၊ လေကြောင်းလိုင်းတွေကိုလည်း ပိတ်ဆို့ခဲ့ပါတယ်။ ဒါကြောင့် တချို့နိုင်ငံက သံရုံးမိသားစုတွေဟာ အိမ်ပြန်ဖို့တောင် အခက်အခဲတွေ ဖြစ်ကြရပါတယ်။

## စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု

ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကြားမှာ သီးခြားခွဲခြားနေထိုင်နေရတဲ့အတွက် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုတွေကတော့ မနည်းမနောပါဘဲ။ ဂျပန်မှာကတော့ အဲဒီလို အထီးကျန်နေတဲ့သူတွေကို ကူညီဖို့ လိမ္မာတဲ့ စက်ရုပ်တွေကို ဈေးကွက်မှာ ရောင်းချနေကြပါတယ်။

ဒီကပ်ဆိုးကြီး ပြီးဆုံးသွားရင်တော့ မိမိတို့တွေဟာ မိမိတို့ကိုယ် မိမိတို့ ကုစားဖို့ အချိန်အတော်ကြာယူရဦးမှာ ဖြစ်ပါတယ်လို့ ဂျပန်နိုင်ငံက အသက် ၆၄ နှစ်အရွယ် ယိုရှီကို နာကာဂါဝက ပြောကြားလိုက်ပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

## ၂၈-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၂၀၃၀၈၆ | ၁၉၆၃၂၅၆၄ | ၅၂၄၆၇၇ |
| ၂။ | အိန္ဒိယ | ၁၁၀၉၇၁၃၄ | ၁၀၇၇၅၁၆၉ | ၁၅၇၀၉၂ |
| ၃။ | ဘရာဇီး | ၁၀၅၁၇၂၃၂ | ၉၃၈၆၄၄၀ | ၂၅၄၂၆၃ |
| ၄။ | ရုရှား | ၄၂၄၆၀၇၉ | ၃၈၁၁၇၉၇ | ၈၆၁၂၂ |
| ၅။ | ဗြိတိန် | ၄၁၇၀၅၁၉ | ၂၈၄၆၂၀၈ | ၁၂၂၇၀၅ |
| ၆။ | ပြင်သစ် | ၃၇၃၆၀၁၆ | ၂၅၄၈၆၈ | ၈၆၃၃၂ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၉၀၇၈၂၅ | ၂၃၉၈၃၅၂ | ၉၇၅၀၇ |
| ၉။ | တူရကီ | ၂၆၉၃၁၆၄ | ၂၅၆၅၇၂၃ | ၂၈၅၀၃ |
| ၁၀။ | ဂျာမနီ | ၂၄၄၄၃၀၃ | ၂၂၄၈၄၀၀ | ၇၀၆၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၃၄၆၃၄ | ၁၁၄၂၇၀၃ | ၃၆၁၆၆ |
| ဖိလစ်ပိုင် | ၅၇၆၃၅၂ | ၅၃၄၂၇၁ | ၁၂၃၁၈ |
| မလေးရှား | ၃၀၀၇၅၂ | ၂၇၃၄၁၇ | ၁၁၃၀ |
| မြန်မာ | ၁၄၁၈၉၆ | ၁၃၁၄၈၀ | ၃၁၉၉ |
| စင်ကာပူ | ၅၉၉၃၆ | ၅၉၈၁၆ | ၂၉ |
| ထိုင်း | ၂၅၉၅၁ | ၂၅၁၂၈ | ၈၃ |
| ဗီယက်နမ် | ၂၄၄၈ | ၁၈၇၆ | ၃၅ |
| ကမ္ဘောဒီးယား | ၈၀၅ | ၄၇၇ | ၀ |
| ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ



ပခုက္ကူမြို့နယ်၌ လမ်းများပိတ်ဆို့၍ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အများပြည်သူလူထု၏ လိုလားချက်နှင့်အညီ လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များအား ထုတ်ပြန်ကြေညာပြီး ပြည်သူလူထုသို့ အသိပေးကြေညာချက် ထုတ်ပြန်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

**တရားဥပဒေ စိုးမိုးရေး**

ဖေဖော်ဝါရီ ၂၈ ရက်တွင် နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးစီးဆောင်ရွက်နေသော အဖွဲ့အစည်းများက Social Media များမှ လှုံ့ဆော်ခြင်း၊ ကွန်ရက်များဖွဲ့စည်း၍ လူငယ်ထုအား သွေးထိုးလှုံ့ဆော်ကာ ရှေ့တန်းတင်လာခြင်း၊ လူငယ်စုအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် နိုင်ငံတော်အတွင်း နေရာဒေသအချို့တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လာနေသည်ကို တွေ့ရှိရပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂) ဗို့ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၅)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ရှုခင်းသာလမ်း၊ သဃ်္ဃန်းကျွန်းငမိုးရိပ်လမ်း၊ KBZ ဘဏ်ရှေ့၊ လှိုင်အင်းစိန်လမ်းမ၊ စီးပွားရေးဘဏ်ရှေ့၊ ကမာရွတ် လှည်းတန်းဈေးရှေ့၊ လှည်းတန်းမာလာဆောင်ရှေ့၊ ကြည့်မြင်တိုင်တိုင်းပညာရေးမှူးရုံးရှေ့၊ ရန်ကင်း(၁၄) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ကျောက်တံတား တော်ဝင်ခုံးကျော်တံတားတို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၇၈)ဦး၊ အမျိုးသမီး (၂၄၄)ဦး၊ စုစုပေါင်း (၃၂၂)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

**ဆူပူဆန္ဒပြသူများအား ဖမ်းဆီးထိန်းသိမ်း**

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

အလားတူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပြည်မြို့နှင့် တောင်ငူမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား(၁၀)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၂၇)ဦး၊ အမျိုးသမီး(၂၃) ဦး၊ စုစုပေါင်း(၅၀) တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပခုက္ကူမြို့နှင့် ဂန့်ဂေါမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၅၈)ဦး၊ အမျိုးသမီး(၃) ဦး၊ စုစုပေါင်း (၆၁) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ လပွတ္တာမြို့နှင့် အင်္ဂပူမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၄၉)ဦး၊ အမျိုးသမီး(၂၉)ဦး၊ စုစုပေါင်း(၇၈)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

**လူစုလူဝေးများ ဖြစ်ပွား**

အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် ပုလောမြို့တို့တွင်လည်း လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၄)ဦး၊ အမျိုးသမီး(၁) ဦး၊ စုစုပေါင်း(၅) ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍

*စာမျက်နှာ ၁၇ သို့*




ပဲခူးမြို့၌ ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂) ဗို့ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၆)ဦး၊ အမျိုးသမီး(၁) ဦး၊ စုစုပေါင်း (၇)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ကရင်ပြည်နယ်၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ( ဒသမ ၁၂) ဗို့ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၁၆)ဦး၊ အမျိုးသမီး (၁၁)ဦး၊ စုစုပေါင်း (၂၇)ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သထုံမြို့၊ သံဖြူဇရပ်မြို့နှင့် ရေးမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ( ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ကြောင်း။

အလားတူ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၃) ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ချင်းပြည်နယ်၊ ဖလမ်းမြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊( ဒသမ ၁၂)ဗို့ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား (၃) ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

နိုင်ငံတော်အား ဆန့်ကျင်သောအဖွဲ့အစည်းများက လူစုလူဝေးအချို့အား စည်းရုံးလှုံ့ဆော်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်သူသဖွယ်သဘောထား၍ ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားဖမ်းဆီး၍ လက်နက်များကို သိမ်းဆည်းခြင်း၊ အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများကို အကာအရံ အတားအဆီးများအသုံးပြု၍ နည်းမျိုးစုံပိတ်ဆို့ကာ လူငယ်များအား ရှေ့တန်းတင်၍ မင်းမဲ့စရိုက်ဆန်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရကြောင်း။


**ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင်**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ရည်မှန်းဆောင်ရွက်သော်လည်း အဓိကရုဏ်းဖြစ်စဉ်များအား ဖြေရှင်းကြရာတွင် ထိခိုက်ဒဏ်ရာရရှိမှု ပိုမိုဖြစ်ပွားစေသည့် အကွာအဝေးအတွင်း ဆောင်ရွက်ရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆူပူဆန္ဒပြသူ လူစုလူဝေးအတွင်း ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရကြောင်း။

ယနေ့ဖြစ်စဉ်များအတွင်း အဓိကရုဏ်းနှိမ်နင်းရေး ဆောင်ရွက်ရာတွင် ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် နီးကပ်မှု အကွာအဝေးအတွင်း ရောက်ရှိနေမှုကြောင့် ထားဝယ်မြို့တွင် အမျိုးသား (၄)ဦး၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသား(၁)ဦး၊ ပဲခူးမြို့တွင် အမျိုးသား(၂)ဦး၊ ပခုက္ကူမြို့တွင် အမျိုးသား(၁)ဦးတို့ ထိခိုက်သေဆုံးမှုဖြစ်ပွားကြောင်း သိရှိရပြီး သေဆုံးခဲ့ရမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် (သေမှုသေခင်း)ရေးဖွင့်ထားကာ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။ **သတင်းစဉ်**



ထားဝယ်မြို့၌ လမ်းမပေါ်တွင် အကာအရံအတားအဆီးများပြုလုပ်၍ ဆူပူဆန္ဒပြနေကြသူများကို တွေ့ရစဉ်။



ပဲခူးမြို့အတွင်း အကြမ်းဖက်ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



ချမ်းမြသာစည်မြို့နယ်တွင် ဆူပူဆန္ဒပြသူများ၏ တားဆီးခြင်းခံရသည့်ယာဉ်ကို တွေ့ရစဉ်။

# ထားဝယ်မြို့လယ်ရှိ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးရှေ့တွင် လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူများသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်၊ ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာထားရှိပြီးဖြစ်သည်။

ထိုသို့ အသိပေးကြေညာထားရှိပြီး တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးအရှေ့သို့ ယနေ့နံနက် ၁၀ နာရီခန့်မှစတင်၍ လူအင်အား ၁၀၀၀ ခန့် စုဝေးရောက်ရှိလာပြီး ကြွေးကြော်သံများကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လာခဲ့သည်။

ယင်းသို့ လှုံ့ဆော်ဆူပူအုံကြွသူများကို အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် အကြိမ်ကြိမ်သတိပေး မေတ္တာရပ်ခံခဲ့သော်လည်း လူစုခွဲခြင်းမရှိသည့်အပြင် လုံခြုံရေးအရ ကန့်သတ်ထားသော အတားအဆီးများအား ဖျက်ဆီးရန် ဆောင်ရွက်လာခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ ခေတ္တလူစုကွဲခဲ့သည်။ ထို့နောက် ဆန္ဒပြသူများအနက် အင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများဖြင့် အနီးကပ်ပစ်ပေါက်ပြီး မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လာခဲ့မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မလွှဲသာမရှောင်သာ ဒသမ ၁၂ ဗို့ ရော်ဘာကျည်ဖြင့် ပစ်ခတ် လူစုခွဲခဲ့ရသည်။

ထိုသို့ လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် ရှေ့ဆုံးမှဦးဆောင်ပစ်ခတ်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဥပဒေများဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အရေးယူလိုခြင်းမရှိသော်လည်း ပြစ်မှုဆိုင်ရာ ဥပဒေများကို အများပြည်သူများသိရှိစေပြီး ဆူပူအုံကြွ၍ တည်ငြိမ်မှုကို ပျက်ပြားစေမည့် အကြံဖြင့် သွေးထိုးမြှောက်ပင့် စည်းရုံးမခံရစေရေးတို့အတွက် အသိပေးကြေညာချက်များ ထုတ်ပြန်သတိပေးထားပြီးဖြစ်၍ အများပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ


**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် အတွက်မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၇၇၉၇ ဦး၊ အတွင်းလူနာ ၃၆၆၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာ များအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက် ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာ စောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၆၆၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၉၀၁ ဦး စုစုပေါင်း ၂၅၆၇ ဦးတို့ကို ခွဲစိတ်ကုသပေး နိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော် ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၉၄၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၄၃၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၃၇၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေး နေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာ များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့် ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတွင် ဒေသခံပြည်သူများအား တပ်မတော်သား ဆရာဝန်များက ဆေးကုသပေးစဉ်။

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အတွင်း လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ နိုင်ငံတော်ကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ် ကြေညာပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူများသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်၊ ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေး ကြေညာထားရှိပြီး ဖြစ်သည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ကြေညာထားရှိသည့် မြို့ဖြစ်ပြီး ယနေ့နံနက် ၈ နာရီခန့်တွင် ပခုက္ကူမြို့အတွင်းရှိ ထင်းတန်းလမ်းနှင့် တပ်မလမ်းဆုံသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသူ ၁၀၀၀ ခန့် စုဝေးရောက်ရှိလာခဲ့ပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လာခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ဆဲဥပဒေနှင့်အညီ ထုတ်ပြန်ထားရှိသည်များကို လေးစားလိုက်နာပြီး လူစုလူဝေးမပြုလုပ်ရန် မေတ္တာရပ်ခံခဲ့သော်လည်း ဆန္ဒပြလူအုပ်စုမှ လူစုခွဲခြင်းမရှိသည့်အပြင် ထင်းတန်းလမ်းနှင့် ရုပ်စုံကျောင်းလမ်းထောင့်နေရာ လမ်းပေါ်တွင် အုတ်ခဲ၊ သဲ၊ ကျောက်တုံး၊ ဝါး၊ သစ်သားများဖြင့် ပိတ်ဆို့တားဆီးကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ကျောက်ခဲ၊ ကုန်းသီး၊ ဖန်ဂေါ်လီလုံး၊ ဂျင်ကလိများဖြင့် ပစ်ပေါက်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။

ထိုသို့ လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် အသက် ၄၀ ခန့် အမျိုးသားတစ်ဦး ဒသမ ၁၂ ဗို့ ရော်ဘာကျည်ထိမှန်သဖြင့် ဘယ်ဘက်ဆီးခုံအနီး ပေါင်ရင်း သွေးကြောပြတ်ကာ သေဆုံးခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိသည်။ ထို့ပြင် ဦးဆောင်ပါဝင်သူ ၅၁ ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား လေးစားလိုက်နာနိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအနီး လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွပြီး ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်နေသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ အချို့မြို့ကြီး များတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ထုတ်ပြန်ထားခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူ များသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုး ဖြင့် လှုံ့ဆော်၊ ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာထားရှိပြီးဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း ယနေ့နံနက် ၉ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအနီးတွင် လူစုလူဝေးအင်အား ၃၀၀၀ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒပြလျက်ရှိကြောင်း သိရှိရသည်။

ဆူပူဆန္ဒပြမှုများသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ် မှုများ ဖြစ်ပွားစေနိုင်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ ဝင်များက လူစုလူဝေးမပြုလုပ်ရန်နှင့် လူစုခွဲရန် မေတ္တာရပ်ခံခဲ့သော်လည်း လူစုကွဲခြင်းမရှိသဖြင့် မီးခိုးဗုံးတစ်လုံးပစ်ခတ်၍ လူစုခွဲခဲ့ရာ လူစုအနည်း ငယ်သာကွဲခဲ့ပြီး ဆူပူဆန္ဒပြသူ ၁၀၀၀ ခန့်သည် ဆက်လက်ဆူပူအုံကြွလျက်ရှိသည့်အပြင် မင်းမဲ့ စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု (Anarchy Mob) အသွင်ဖြင့် ပတ်ဝန်းကျင်ရှိ ဈေးဆိုင်တန်းများ အား အကြောင်းမဲ့ လုယက်ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ အုတ်ခဲ၊ ကုန်းသီး၊ ဖန်သီးတို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လာခဲ့သည်။

ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက် လူအုပ်စု (Anarchy Mob) အသွင်ဖြင့် ဆူပူအုံကြွမှု များကို လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြ လူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခန့်တွင် လူစုကွဲခဲ့သည်။

ထိုသို့ လူစုကွဲခဲ့ပြီးနောက် အကြမ်းဖက်အုပ်စု၏ မီးရှို့ဖျက်ဆီးခြင်း၊ လုယက်ဖျက်ဆီးခြင်းခံထားရ သည့် ဈေးဆိုင်တန်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ က သန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည် ထွက်ခွာစဉ် မြို့တွင်းရှိ ရှော့ပင်းမောတစ်ခုအား ထပ်မံမီးရှို့ဖျက်ဆီးမည်ဟု သိရှိရသဖြင့် လုံခြုံရေး ဆောင်ရွက်ပေးခဲ့ရာ မီးရှို့ဖျက်ဆီးရန်လာရောက် သူများ လူစုကွဲသွားခဲ့သည်။ သို့သော်လည်း အဆိုပါ အကြမ်းဖက်လူအုပ်စုသည် ပဲခူးမြစ်ကူးတံတားအနီး ရှိ ဈေးဆိုင်တန်းများအား ထပ်မံဖျက်ဆီးနေကြောင်း သိရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တားဆီးခဲ့ရာ ဂျင်ကလိများ၊ တုတ်၊ ဓားများဖြင့် ပြန်လည်ရန်ပြု တိုက်ခိုက်ခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ်အဆင့်ဆင့် အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ထပ်မံလူစုခွဲခဲ့ရာ ညနေ ၆ နာရီ ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအုံကြွသူများ၏ အကြမ်းဖက် လုပ်ဆောင်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်း ဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူအချို့ကို ဥပဒေနှင့်အညီ အရေး ယူနိုင်ရေး ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ဆူပူအုံကြွသူများသည် မင်းမဲ့စရိုက်အသွင် ဖြင့် ပဲခူးမြစ်ကူးတံတားအနီးရှိ ဈေးဆိုင်တန်းများအား ဖျက်ဆီးလျက်ရှိသည့် Video file များကိုလည်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့လျက် ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဥပဒေများဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အရေးယူလိုခြင်းမရှိသော်လည်း ပြစ်မှုဆိုင်ရာဥပဒေ များကို အများပြည်သူများသိရှိစေပြီး ဆူပူအုံကြွ၍ တည်ငြိမ်မှုကိုပျက်ပြားစေမည့်အကြံဖြင့် သွေးထိုး မြှောက်ပင့် စည်းရုံးမခံရစေရေးတို့အတွက် အသိပေး ကြေညာချက်များ ထုတ်ပြန်သတိပေးထားပြီးဖြစ်၍ အများပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်း ဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးနဲမြို့၌ နှစ်စဉ်ကျင်းပမြဲ စေတီပုံရှားမီးပူဇော်ပွဲ ကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စေတီပုံရှားမီးပူဇော်ပွဲကို လွိုင်မြေ ရပ်ကွက်ရှိ ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက်က စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဝိဇ္ဇာရိယ ကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များ ထံမှ သြဝါဒခံယူပြီး စေတီပုံကို မီးရှူး၊ မီးပန်း ပစ်ဖောက်၍ ပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပူဇော်ပွဲကို ဝိဇ္ဇာရိယ ဘုန်းတော်ကြီး ကျောင်းထိုင် ဆရာတော်နှင့် ဆရာဒကာ ပူးပေါင်းကာ ဆောင်ရွက်ခြင်း ဖြစ်ပြီး ယခုနှစ်တွင် ဘုရားငါးဆူအား ရည်မှန်း၍ စေတီပုံငါးဆူပြုလုပ်၍ ရှားမီးပူဇော်ရာ လာရောက် ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယင်းသို့ရှားမီးပူဇော်ရခြင်းမှာ တပို့တွဲလတွင် အအေးဓာတ် လွန်ကဲမှုကြောင့် အေးချမ်းလှသည့် ရာသီတွင် မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားအဖြစ်နှင့် အအေးဓာတ် သက်သာစေရန် ရည်ရွယ်အာရုံပြုကာ အနွေးဓာတ်နှင့် ပူဇော်ကုသိုလ်ယူခြင်းဖြစ်ကြောင်း၊ ရှားသားအစား မျိုးခြားသစ် (ရှမ်းအခေါ်) မယ်လိုသားနှင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေသ တစ်ခုနှင့်တစ်ခု ပြုလုပ်ပုံချင်း ကွဲပြား ခြားနားမှုများရှိနိုင်ကြောင်း သိရ သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## စိုက်နည်းစနစ်ကောင်းဖြင့် စိုက်ပျိုးထားသော ငဖဲမြို့နယ်ငရုတ်သီးများ ဈေးကောင်းရရှိသောကြောင့် ငရုတ်စိုက်တောင်သူများ ပိုစိုက်ပျိုးလာ

**ငဖဲ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငရုတ်စိုက်တောင်သူများသည် ငရုတ်စိုက်ဧက ၂၁၀ ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရာ ငရုတ်သီးများ အရည်အသွေးကောင်းမွန် ပြီး အထွက်နှုန်းကောင်းခြင်း၊ ဈေးကောင်းခြင်းတို့ကြောင့် ငရုတ်စိုက်တောင်သူများ စားဝတ်နေရေးအတွက် ဝင်ငွေတစ်ဖက် တစ်လမ်းက အထောက်အကူပြုကာ အဆင်ပြေလာကြောင်း ငဖဲမြို့နယ် ဇီးတော ကျေးရွာမှတောင်သူ ဦးလှဦးက ပြောပြသည်။

"မန်းချောင်းဘေးမှာ ရေသွင်းစနစ်နဲ့လည်း စိုက်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလဆန်းပိုင်းက ရေသွင်းငရုတ် ၁၇ ဧကကို မန်းချောင်းရဲ့ဘေး အမြင့်ပိုင်းတွေမှာ စိုက်ပါတယ်။ ယာမြေတစ်ဧကမှာ ငရုတ်ပိဿာချိန် သုံးထောင်ကနေ ငါးထောင်အထိ အထွက်ကောင်းပါတယ်။ ငရုတ်ဈေးကောင်းတော့ နွေ၊ မိုး၊ ဆောင်း နှစ်ပတ်လည် ငရုတ်စိုက်လာကြပါတယ်။ အခုထိ ငရုတ်ပြန်စိုက်သလို ငရုတ်ဆွတ်နေကြပါပြီ။ အောင်ပင်လယ်၊ ဇီးတော၊ ရှောက်ဝ ကျေးရွာတွေမှာ ငရုတ်မျိုးကောင်း ဖ၉၂ ကို အစိုက်များတယ်။ ပုဂ္ဂလိက စိုက်ပျိုးရေး ကုမ္ပဏီတွေက မျိုးဝယ်စိုက်ကြပါတယ်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံက ငရုတ်ဝယ်လက်တွေက ကျွန်တော်တို့ ငဖဲက ထွက်တဲ့ ငရုတ်ကို GAP နည်းနဲ့ စိုက်လို့ ဓာတုကင်းစင်တဲ့အတွက် ဝယ်လက်အကြိုက်ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ငဖဲမြို့နယ်တွင် ငရုတ်စိုက်တောင်သူများသည် ငရုတ်စိုက် ဧက ၂၁၀ ကို GAP နည်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရာ ငရုတ်သီးများ အရည်အသွေးကောင်းသောကြောင့် ငရုတ်သီး အခြောက်တစ်ပိဿာ ငွေကျပ် ၃၀၀၀ မှ ၅၀၀၀၊ ၈၅၀၀ မှ ၁၀၀၀၀ အထိ ဈေးကောင်းကြောင်း ဒေသခံ ငရုတ်စိုက် တောင်သူများထံမှ သိရသည်။

ယခုရက်ပိုင်းတွင် ငရုတ်သီးအမှည့်များကို အခြောက် ခံ၍လည်းကောင်း၊ အစိမ်းကို လည်းကောင်း မကွေး - မင်းဘူး- ပြည် အောင်လံ- သရက်- ရန်ကုန်- မန္တလေး ဈေးကွက်များသို့ တင်ပို့ကြရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တိုင်း တောင်သူအစုအဖွဲ့နှင့် NAG တို့သည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းစနစ်ဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ငရုတ်သီးနှံများကို ၂၀၁၇ ခုနှစ်မှ စတင်စိုက်ပျိုးလာရာ အခြားသီးနှံများနည်းတူ ငရုတ်စိုက်ပျိုးရေးလည်းအောင်မြင်ကာဝယ်ယူစားသုံးသူများ အကြိုက် ဖြစ်လာကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**







မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မျှော်လင့်နေမိပါသည်

မင်းသန်းနိုင် (မုဒုံ)

"ဒီမိုကရေစီရရှိရေး ဒို့အရေး ဒို့အရေး"။ ဟိုး လွန်ခဲ့တဲ့ ၃၁ နှစ်က စာရေးသူကိုယ်တိုင် အထက်တန်းပညာတစ်ပိုင်းတစ်စနဲ့ ၈၈ အရေးအခင်းထဲ ပါဝင်ရင်း ခေတ်တစ်ခေတ်ရဲ့ ရေစီးကြောင်းထဲမှာ စီးမျောပါဝင်ခဲ့ဖူးပါတယ်။ ရေစုန်စီးမျောရင်း ပင်လယ်သမုဒ္ဒရာဆီမရောက်ဘဲ ကမ်းစပ်တစ်ခုမှာ မျောကပ်ရင်း ရှင်သန်ခွင့်ရ၊ ဘဝ ပြန်လည်ထူထောင်ခွင့်ရ၊ ဝါသနာပါရာ စာရေးခြင်း၊ စာဖတ်ခြင်းတွေနဲ့ မိမိပတ်ဝန်းကျင်အချို့ကို တတ်စွမ်းသမျှ စာပေနဲ့ အကျိုးပြုနိုင်ခဲ့ပါတယ်။

**"တစ်နေ့က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရပ်ကွက်လေးတစ်ခုမှာ ပညာတတ် ပရဟိတ လူငယ်တွေက တက္ကသိုလ်ဝင်တန်း သင်ခန်းစာတွေကို အခမဲ့သင်ပေးနေတဲ့ သတင်းကြားတော့ သွားရောက်စေ့ငုရင်း ပညာကို လိုလားသူနဲ့ သင်ကြားပေးနေသူ ဆရာလေး၊ ညီငယ်လေးများကို မြင်ရတဲ့အခါ ကြည်နူးခြင်းနဲ့ ဝမ်းမြောက်ရသလို ယနေ့အချိန်မှာ ယုံကြည်ချက်တစ်ခုခံယူရင်း CDM လုပ်နေကြတဲ့ ပညာရေးဝန်ထမ်းတွေ၊ ကိုယ်ပိုင် ခံစားလွတ်လပ်ခွင့်တစ်ခုအဖြစ် စာသင်ကျောင်းနဲ့ ဝေးကွာနေကြတဲ့ ဆရာ ဆရာမတွေ၊ ပညာတစ်ပိုင်းတစ်စနဲ့ လူအုပ်ကြီးကြားမှာ ရောပါနေကြတဲ့ ကျောင်းသားလူငယ်လူရွယ်တွေကို မြင်ရသောအခါ ဝမ်းနည်းခြင်း ဖြစ်မိပါတယ်"**

**စာပေ၏ အကျိုးကျေးဇူး**

ငယ်ရွယ်စဉ်အချိန်မှာ ဖခင်ဖြစ်သူက သတင်းစာပို့သမားဆီမှာ ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း စာစောင်တွေကို သားတွေဖတ်ဖို့ မှာပေးခဲ့တဲ့ ကျေးဇူးကြောင့် စာပေနဲ့ ကြီးပြင်းခဲ့ရပါတယ်။ ၁၀ တန်းမအောင် ပညာတစ်ပိုင်းတစ်စနဲ့ ၈၈ အရေးအခင်းကာလကို ဖြတ်သန်းခဲ့ရ၊ ဘဝမျိုးစုံ၊ သမ္မာအာဇီဝ အလုပ်မျိုးစုံကို လုပ်ကိုင်ရင်း စာပေနဲ့ နီးနွယ်တဲ့ ဦးစီးဌာနတစ်ခုမှာ အောက်ခြေသိမ်းက အလုပ်ဝင်ရင်း ဘဝကို စခဲ့ရတယ်။ အခုတော့ အသင့်အတင့်နေရာတစ်ခုကိုရ၊ စာပေမှာ မွေ့လျော်၊ စာပေတောမှာ ပျော်ရင်း၊ ရင်သွေးအရွယ် သား၊ သမီး၊ ညီငယ်၊ ညီမငယ်လေးများကို တတ်သိသမျှ စာပေဗဟုသုတတွေကို ဖြန့်ဝေနေရဲ့။

**စာပေ၏ တန်ဖိုး**

ယနေ့ သားတို့သမီးတို့ခေတ်မှာ စမတ်ဖုန်းတစ်လုံးနဲ့ အင်တာနက်ပေါ်က ဗဟုသုတ အကြောင်းအရာတွေကို လေ့လာစူးစမ်းရှာဖွေခွင့်ရခဲ့ကြပြီ။ အချိန်တိုအတွင်းမှာ ကမ္ဘာကြီးအကြောင်းကို သိခွင့်ရတဲ့ "ကမ္ဘာ့ရွာ"ခေတ် ဖြစ်ခဲ့လေပြီ။ လိုချင်တာ၊ သိချင်တာတွေကို အင်တာနက်ကတစ်ဆင့် အချိန်တိုအတွင်း မွှေနှောက်ရှာဖွေ လေ့လာနိုင်ကြပြီ။ ဝမ်းမြောက်ပေစွ။

စာရေးသူတို့ လူပျိုဘဝမှာ ဖေ့စ်ဘွတ်ဆိုတာ မဆိုထားနဲ့။ စမတ်ဖုန်းတွေ မပေါ်သေး။ အင်တာနက်ဆိုတာ မသိ၊ ဂျေဒိုးနတ်မုန့်ပင် အိပ်မက်အလား။ ဘိန်းမုန့်လေးကို နှစ်ပါးသွား၊ ရေနွေးကြမ်းလေးနဲ့ အကောင်းဆုံး မြန်မာ့ရိုးရာအစားအစာအဖြစ် ပွဲလယ်တင့်ခဲ့ရတယ်။ ဒါတွေကလည်း သမိုင်းနဲ့ စာပေကိုဖတ်၊ ရှေ့မီနောက်မီ ပညာရည်ပြည့်ဝတဲ့ သက်ကြီးတွေကို မေးကြည့်၊ အဖြေရှိလိမ့်မယ်။ အရာရာဟာ အကြောင်းအကျိုး၊ အကောင်းအဆိုး ဒွန်တွဲနေတဲ့အတွက် စာပေကို ဖတ်ကြပါဟု တိုက်တွန်းချင်ပါတယ်။ ယနေ့ နိုင်ငံအသီးသီးရှိ ခေါင်းဆောင်များ၊ အောင်မြင်သူများဟာ ရိုးသား ကြိုးစားခဲ့ကြသလို စာဖတ်ခြင်းဖြင့် အတွေးအခေါ် ဆင်ခြင်တုံတရားနဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းရှိရင်း အောင်မြင်လာကြတယ်။ ထင်ရှားလာကြတယ်။ စာပေရဲ့တန်ဖိုး ကြီးမားပေစွ။

**မိတ်ဆွေကောင်း**

စာရေးသူအတွက် သက်မဲ့မိတ်ဆွေကောင်းတစ်ခုက စာအုပ်စာပေများပဲ ဖြစ်ပါတယ်။ သက်ရှိ သူငယ်ချင်းများစွာနဲ့ ကျောင်းနေဖက်ရင်းနှီးခဲ့ရသူ၊ တစ်မြို့တစ်ရွာတည်းသားဖြစ်သူ၊ ဖေ့ဘွတ်စ်ပေါ်မှာ ယခင်က သိကျွမ်းခင်မင်ခဲ့ဖူးသော်လည်း ယုံကြည်ချက်၊ ခံယူချက်၊ အကြိုက်ချင်း မတူလေသောအခါ ကွဲပြားသွားကြတယ်။ မတူကွဲပြားရှိသော်ငြားလည်း အမိနိုင်ငံတော် အေးချမ်းသာယာဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတူတကွ လက်တွဲဆောင်ရွက်ကြဖို့က စာရေးသူရဲ့ စိတ်ရင်းအမှန်ပါ။

တစ်နေ့က စားသောက်ဆိုင်တစ်ဆိုင်မှာ စားတာ၊ သောက်တာ အကြိုက်ချင်းမတူတဲ့ စာရေးသူတို့ မိတ်ဆွေငါးယောက် စုထိုင်ရင်းမှာတဲ့အစားအစာ မတူပေမယ့် အတူတကွ လည်ပင်းဖက် အိမ်ပြန်တော့ စာရေးသူက အတူစားသောက်ဖက် သူငယ်ချင်းတွေကို ပြောမိတယ်။ "ငါတို့တွေဟာ မိတ်ဆွေကောင်း ဖြစ်ဖို့လိုတယ်။ အကြိုက်ချင်းမတူချင်ရင်နေ၊ သွားတော့ တစ်ဆိုင်တည်း၊ ထိုင်ကြတော့ တစ်ဝိုင်းတည်း၊ ပြန်တော့လည်း တစ်လမ်းတည်းမဟုတ်လား"လို့ပြောတော့ "မင်းက စာရေးဆရာဆိုတော့ ပြောတတ်တာပေါ့"တဲ့။ မဟုတ်ပါဘူးဆိုပြီး တဟားဟားနဲ့ ရယ်စရာတွေပြောရင်း လမ်းအတူလျှောက်ရင်း "ငါတို့အရွယ်တွေက ရန်ဖြစ်ရမယ့်အရွယ်တွေလည်း မဟုတ်တော့ဘူး။ ကလေးတွေအတွက် အသိအလိမ္မာ၊ ပညာနဲ့ ဆင်ခြင်နိုင်စွမ်းရှိအောင် ညွှန်ပြရမှာ မဟုတ်လား။ အမှန်နဲ့ အမှားကို ပိုင်းခြားဝေဖန် ဆင်ခြင်တတ်အောင် လုပ်ရမှာမဟုတ်လား"လို့ ပြောမိတယ်။

**စိတ်မကောင်းဖြစ်မိ**

၈၈ အရေးအခင်းကာလမှာ ကျောင်းတွေလည်း မဖွင့်နိုင်။ ကျောင်းတက်ကျောင်းဆင်း ခေါင်းလောင်းသံတွေလည်း ဆိတ်သုဉ်း။ ပညာတစ်ပိုင်းတစ်စနဲ့ လမ်းပေါ်ထွက် ဆန္ဒပြရင်း ကျောင်းတွေပြန်ဖွင့်တော့လည်း ပညာဆက်လက်သင်ချင်စိတ် လျော့နည်းခဲ့သည့်အတွက် ကျွန်တော်ဟာ ဘဝပင်လယ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ပင်ပင်ပန်းပန်း ကူးခတ်ခဲ့ရတယ်။

မောပါဘိ။ ပညာကလည်း တစ်ပိုင်းတစ်စနဲ့မို့ အောက်ခြေသိမ်းအလုပ်မျိုးစုံကို လုပ်ခဲ့ရရင်း စာပေဝါသနာပါသူမို့ မြို့နယ်က အဖေအရွယ် စာရေးဆရာအချို့နဲ့ ပေါင်းမိ၊ ဝါသနာပါရာ နေရာမှန်တစ်ခုဆီကို မိတ်ဆွေကောင်း အစ်ကိုဖြစ်သူတစ်ဦးရဲ့ ကျေးဇူးကြောင့်ရောက်ရှိ၊ ဝန်ထမ်းဖြစ်ခွင့်ရ။

**"ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆရာ ဆရာမ၊ ကျောင်းသား ကင်းမဲ့နေတဲ့ ကျောင်းတွေရှေ့ ဖြတ်လျှောက်တိုင်း မျက်ရည်ဝဲမတတ် သားသမီးများအတွက် ခံစားမိပါတယ်။ မကြာမီ ကျောင်းတွေဖွင့်ဖို့ ကြိုးစားနေကြောင်းလည်း သတင်းများ ကြားသိရပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားရတဲ့ ကျောင်းတံခါးတွေကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့၊ ခေါင်းလောင်းသံ စာအံသံနဲ့ ဝေလျှံနေတဲ့ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ဖို့နဲ့ နာသုံးနာနဲ့ ပြည့်စုံတဲ့ အာစရိယဂိုဏ်းဝင် ဆရာ ဆရာမတွေဟာ မိမိတို့ ရင်သွေးငယ်များနဲ့အတူ လက်တွဲရင်း၊ ကျောင်းဝင်းအတွင်း ဝင်ရောက်လာမယ့်ရက်ကို မျှော်လင့်နေမိပါတော့တယ်"**

အခုလို ကိုဗစ်-၁၉ ကာလမှာ ကျောင်းတွေပိတ်ထားတော့ သားအရွယ် သမီးအရွယ်တွေ ပညာသင်ဖို့ နှောင့်နှေးခဲ့ရတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှာကို တစ်ဖက်က စိုးရိမ်ကြောက်ရွံ့နေရသလို တစ်ဖက်ကလည်း တစ်နှစ်ထက်တစ်နှစ် အသက်တွေကြီးလာတဲ့ သားသမီးတွေ၊ ဆရာနဲ့ ကျောင်းသားတွေ ကင်းမဲ့နေတဲ့ အခြေခံပညာကျောင်းလေးတွေကိုကြည့်ရင်း စိတ်မကောင်းဖြစ်မိသလို ဖော်မပြနိုင်တဲ့ ခံစားမှုက ရေးပြလို့မကုန်နိုင်။

**ပညာရှေ့ရေး စဉ်းစားတွေး**

စာရေးသူရဲ့ သားကြီးက ကုမ္ပဏီတစ်ခုမှာ သူ့ဘဝတက်လမ်းကို သူရှာဖွေရင်း အလုပ်လုပ်။ သူ့မိခင်နဲ့ ညီမဖြစ်သူအတွက်၊ နေအိမ်အတွက် မိသားစုတစ်ထောင့်တစ်နေရာကို ဖြည့်ဆည်းပေးနေပါတယ်။ သမီးလေးကတော့ ကျောင်းတွေပိတ်ထားတော့ ဖုန်းတစ်လုံးနဲ့ အချိန်မကုန်ရအောင် တတ်မှုပညာတစ်ခုကို သင်ယူခိုင်း။ သူဝါသနာပါရာ ပန်းချီဆွဲခြင်း၊ စာရေးခြင်းနဲ့ ဖြတ်သန်း။ ဒါက ကျွန်တော့် မိသားစုတစ်စုရဲ့ အခြေအနေ။ မြန်မာတစ်နိုင်ငံလုံးရှိ မိသားစုတွေ၊ သားတွေ သမီးတွေရဲ့ ပညာရှေ့ရေးကို ကျွန်တော်တို့တွေ စဉ်းစားတွေးရတော့မယ်။ အနာဂတ် နိုင်ငံခေါင်းဆောင်ဖြစ်လာကြမယ့် ရင်သွေးငယ်တွေအတွက် ကျွန်တော်တို့အားလုံး ပညာရှေ့ရေး စဉ်းစားတွေးကြဖို့ လိုပြီ။

**ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း**

တစ်နေ့က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရပ်ကွက်လေးတစ်ခုမှာ ပညာတတ် ပရဟိတ လူငယ်တွေက တက္ကသိုလ်ဝင်တန်းသင်ခန်းစာတွေကို အခမဲ့သင်ပေးနေတဲ့ သတင်းကြားတော့ သွားရောက်စေ့ငုရင်း ပညာကိုလိုလားသူနဲ့ သင်ကြားပေးနေသူ ဆရာလေး၊ ညီငယ်လေးများကို မြင်ရတဲ့အခါ ကြည်နူးခြင်းနဲ့ ဝမ်းမြောက်ရသလို ယနေ့အချိန်မှာ ယုံကြည်ချက်တစ်ခုခံယူရင်း CDM လုပ်နေကြတဲ့ ပညာရေးဝန်ထမ်းတွေ၊ ကိုယ်ပိုင် ခံစားလွတ်လပ်ခွင့်တစ်ခုအဖြစ် စာသင်ကျောင်းနဲ့ ဝေးကွာနေကြတဲ့ ဆရာ ဆရာမတွေ၊ ပညာတစ်ပိုင်းတစ်စနဲ့ လူအုပ်ကြီးကြားမှာ ရောပါနေကြတဲ့ ကျောင်းသားလူငယ်လူရွယ်တွေကို မြင်ရသောအခါ ဝမ်းနည်းခြင်းဖြစ်မိပါတယ်။

**မျှော်လင့်မိပါသည်**

ဆိုရရင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆရာ ဆရာမ၊ ကျောင်းသားကင်းမဲ့နေတဲ့ ကျောင်းတွေရှေ့ဖြတ်လျှောက်တိုင်း မျက်ရည်ဝဲမတတ် သားသမီးများအတွက် ခံစားမိပါတယ်။ မကြာမီ ကျောင်းတွေဖွင့်ဖို့ ကြိုးစားနေကြောင်းလည်း သတင်းများ ကြားသိရပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားရတဲ့ ကျောင်းတံခါးတွေကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့၊ ခေါင်းလောင်းသံ စာအံသံနဲ့ ဝေလျှံနေတဲ့ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ဖို့နဲ့ နာသုံးနာနဲ့ ပြည့်စုံတဲ့ အာစရိယဂိုဏ်းဝင် ဆရာ ဆရာမတွေဟာ မိမိတို့ ရင်သွေးငယ်များနဲ့အတူ လက်တွဲရင်း၊ ကျောင်းဝင်းအတွင်း ဝင်ရောက်လာမယ့်ရက်ကို မျှော်လင့်နေမိပါတော့တယ်။ ။

## ရန်ကုန်တိုင်းဒေသကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တနင်္သာရီမြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် လေးဦးအား ဂုဏ်ပြု

**တနင်္သာရီ ဖေဖော်ဝါရီ ၂၈**

ရန်ကုန်ဆေးရုံကြီးရှိ ကိုဗစ်-၁၉ စောင့်ကြပ်ကြည့်ရှု ကုသမှုစင်တာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု၍ သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည့် တနင်္သာရီမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ခွဲမှူး အောင်ကျော်ကျော်(ပါ) စေတနာ လုပ်အားရှင် ကြက်ခြေနီတပ်ဖွဲ့ဝင် လေးဦးအား မြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ဂုဏ်ပြုသည့် ညစာစားပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းက အထက-တနင်္သာရီ ကျောင်းဝင်းအတွင်း ပြုလုပ်သည်။

ဂုဏ်ပြုပွဲတွင် တနင်္သာရီမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်အောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်သိုက်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသန်းထိုက်စိုး၊ မြို့နယ်ကြက်ခြေနီ ဒုတပ်ဖွဲ့မှူး ဒေါ်ရီရီသန်း၊ ထူးချွန်ကြက်ခြေနီမယ် ဒေါ်စန်းတို့က ချီးကျူးဂုဏ်ပြုစကားများ ပြောကြားကာ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူး ဦးခင်ဇော်တို့က ဂုဏ်ပြုငွေများ ချီးမြှင့်သည်။ ထို့နောက် ရန်ကုန်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများကို ကြက်ခြေနီ ဒုတပ်ခွဲမှူးက ရှင်းလင်းပြောကြားပြီး ဒုတပ်စိပ်မှူး ဆန်းလင်းထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ကြက်ခြေနီတပ်ဖွဲ့ဝင် လေးဦးသည် ဇန်နဝါရီ ၁၇ ရက်မှစ၍ ရန်ကုန်ဆေးရုံကြီး၌ ကိုဗစ်-၁၉ အကူအညီပေးရေး တာဝန်များကို တစ်လကျော်ကြာအောင် သွားရောက်ထမ်းဆောင်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါပိုး ကင်းရှင်းပြီး ကျန်းမာစွာ ပြန်လည်ရောက်ရှိလာကြသဖြင့် မြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ယခုကဲ့သို့ ဂုဏ်ပြုပွဲ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြို့တွင်းသယ်ယူပို့ဆောင်ရေး ချောမွေ့ပြီး ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရေး သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး အတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ တာဝန်ရှိသူတစ်ဦးက မြို့တွင်းနှင့် အဝေးပြေး ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ ကိုကိုးကျွန်း ရေယာဉ်ပြေးဆွဲခြင်း၊ Water Bus ပြေးဆွဲခြင်း၊ ကျောင်းကားသယ်ယူပို့ဆောင်ရေး၊ Yangon Payment Services အသုံးပြုလျက်ရှိသည့် ယာဉ်လိုင်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များ၊ ရောဂါကူးစက်ခံရသူများအား သယ်ယူပို့ဆောင်ပေးရခြင်းနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သူများ၊ ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ(YBPC)နှင့် ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(YUPT) တို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ သွားလာနိုင်ရေး၊ ခရီးသည်တင်ကားများ အပါအဝင် မော်တော်ယာဉ်များအားလုံး မတော်တဆမှု မဖြစ်စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်ရေး၊ ခရီးသွားပြည်သူများ ကုန်ကျစရိတ် သက်သာသည့်အပြင် သက်သောင့်သက်သာ သွားလာနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားပြီး လတ်တလော ပံ့ပိုးဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြကြသည့် ကိစ္စရပ်များကို ဖြည့်ဆည်းဖြေရှင်းပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ် မုန်းဒေသ၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရန် ကြိုတင်ပြင်ဆင်နေ

**ကျောက်ကြီး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းဒေသ၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရန်အတွက် ကြိုတင်ပြင်ဆင်လုပ်ဆောင်နေမှုများကို မြို့နယ် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မုန်းဒေသ တုံးတောကျေးရွာနှင့် ကျွန်းတောကျေးရွာကြား ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၄၆၀ ၌ ထု ၁၀ လက်မ ကျောက်ချောခင်းခြင်းနှင့် စဝင်ကျေးရွာနှင့် မွေးတွင်းကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်း အရှည် ပေ ၂၀၀၀ ၌ ထု ၁၀ လက်မ ကျောက်ချောခင်းခြင်းများ ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်နေမှု အခြေအနေများကို ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။

**ကိုသားကြီး(ကျောက်ကြီး)**

## မိတ္ထီလာမြို့နယ်စည်ပင်မှ အခြေခံဝန်ထမ်းများအား စားကုန်များ ထောက်ပံ့ပေးအပ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အခြေခံဝန်ထမ်း ၂၄၀ အား မိသားစုစားဝတ်နေရေး အဆင်ပြေရန်အတွက် အခြေခံစားကုန်များကို ဖေဖော်ဝါရီ ၂၆ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အခြေခံဝန်ထမ်းများ၏ မိသားစုစားဝတ်နေရေးအတွက် အထောက်အကူဖြစ်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးမှုအနေဖြင့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းခြင်း ဖြစ်ကြောင်း၊ ယခုလို အခြေခံဝန်ထမ်းများ စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့လှူဒါန်းမှုကို လစဉ် ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်က ဆိုသည်။

အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အောက်ရှိ ဈေးနှင့် သားသတ်ဌာနစိတ်၊ သန့်ရှင်းရေးဌာနစိတ်၊ ရေပေးရေးဌာနစိတ်၊ ပန်းခြံဌာနစိတ်၊ အခွန်ဌာနစိတ်၊ စည်းကမ်းထိန်းဌာနစိတ်တို့မှ အခြေခံဝန်ထမ်းပေါင်း ၂၄၀ တို့အား ကုလားပဲ၊ ငါးပိ၊ ပဲခြမ်း၊ လက်ဖက်၊ ကြက်ဥ စသည့် အခြေခံစားကုန်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာအတွက် သောက်သုံးရေ ဂါလန် ၂၂၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာတွင် ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေသဖြင့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတ ရေလှူအဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်က ရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။ ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၂၂၀၀ ကို ကျေးရွာနေပြည်သူများထံ စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရွာသစ်တောင် ကျေးရွာတွင် အိမ်ခြေ ၁၆၀ ကျော်၊ လူဦးရေ ၇၀၀ ကျော် နေထိုင်လျက်ရှိပြီး ဒေသခံပြည်သူများမှာ ကျေးရွာရှိ စက်ရေတွင်းမှထွက်သောရေကို သုံးစွဲကြကြောင်း၊ ထိုစက်ရေတွင်းမှရေမှာ ထုံးဓာတ်ပါဝင်နေသဖြင့် နှစ်ရက်ခန့်ထားပြီးမှသာ သုံးစွဲနိုင်ပြီး မိုးရာသီတွင်သာ သောက်သုံးရေအတွက် အဆင်ပြေကြောင်း၊ ယခုလို ပွင့်လင်းရာသီအချိန်တွင် နှစ်စဉ် သောက်သုံးရေ အခက်အခဲကို ကြုံတွေ့ရလေ့ရှိကြောင်း အဆိုပါ ရွာသစ်တောင်ကျေးရွာရှိ ဒေသခံ ပြည်သူများက ပြောသည်။

**ရဲဝင်းနိုင်**




**အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ**

# အင်းတော်မြို့နယ် ကိုးတိုက်နယ် ဒီပက်ရာစေတီတော်ကြီး၌ (၁၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မော်လူး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသမှ ကိုးတိုက်နယ် သမိုင်းဝင် ဒီပက်ရာ စေတီတော်၏ (၁၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက စေတီတော်ရင်ပြင်ပတ်လည်၌ ကျင်းပခဲ့သည်။

"အရင်နှစ်တွေကတော့ အနယ်နယ်အရပ်ရပ်က ပင့်သံဃာ ၅၀၀ ကျော်၊ သီလရှင်တွေ၊ လူပုဂ္ဂိုလ်တွေနဲ့ စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပွဲတော်ရဲ့အစဉ်အလာကို မပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ သံဃာတော် အပါး ၅၀ ကို ပင့်ဖိတ်ပြီးတော့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အကျဉ်းပဲ ပြုလုပ်ခဲ့ပါတယ်"ဟု ဒီပက်ရာဘုရား ဂေါပကအဖွဲ့ဝင် ဦးအောင်ချစ်က ပြောကြားသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မော်လူးဒေသ ကိုးတိုက်နယ် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဉာဏိက၊ ဒီပက်ရာဘုရားပြုပြင်ရေး အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုဇနဘိဝံသ အရှင်သူမြတ်နှင့် ပင့်သံဃာတော်အပါး ၅၀၊ ဂေါပကဥက္ကဋ္ဌ ဦးတင်နွယ်နှင့် အဖွဲ့၊ မော်လူးဒေသ ကိုးတိုက်နယ်ကျေးရွာများမှ ဓမ္မယောဂီဝတ်အဖွဲ့များ၊ အလှူရှင်များ တက်ရောက်ပြီး (၁၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အစဉ်အလာမပျက် ကျင်းပပြုလုပ်ခဲ့ကြသည်။



စေတီတော်ရင်ပြင်၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူနေကြသော ပြည်သူများ

ယခင်နှစ်များက နှစ်စဉ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့်အတူ ဒီပက်ရာစေတီတော်၏ ဘုရားပွဲတော်ကိုလည်း နှစ်စဉ် အစဉ်အလာမပျက် (၁၁၁)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သော်လည်း ယခုနှစ် (၁၁၂)ကြိမ်မြောက်တွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘုရားပွဲတော်ကို မကျင်းပနိုင်ခဲ့ဘဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အကျဉ်းမျှသာ ပြုလုပ်ခဲ့ရကြောင်း၊ ယခုအခါ ဒီပက်ရာစေတီတော်ကို အချိန် သုံးနှစ်ကျော်မျှကြာအောင် အဘက်ဘက်မှ အသစ်တစ်ဖန် မွမ်းမံပြုပြင်ခဲ့သည့် လုပ်ငန်းများမှာလည်း ပြီးစီးနေပြီဖြစ်၍ လာမည့်နှစ် ဘုရားပွဲတော် ရာသီချိန်ဖြစ်သော ဖေဖော်ဝါရီလ(တပို့တွဲလ)တွင် ပြုလုပ်မည့် (၁၁၃)ကြိမ်မြောက် ဒီပက်ရာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကိုမူ စည်ကားစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။ **နီတိုး(မော်လူး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ဒေသအတွင်း မီးလင်းရေး၊ ကျေးလက်ကုန်ထုတ်လမ်း၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာနှင့် အခြားကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ရေရရှိမှု၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ထားရှိမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် နွေရာသီ ရေရှားပါးကျေးရွာများအတွက် ရေရရှိအောင် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ လမ်းဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည့် ကွန်ကရစ်လမ်း၊ ကျောက်လမ်း၊ ဂဝံမြေနီလမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတား၊ သစ်သားတံတား၊ ဘေလီကြိုးတံတား၊ Box Culvert ၊ ရေပြွန် အစရှိသည့် ကျေးလက်လမ်းနှင့်တံတားများ တည်ဆောက်မည့်အခြေအနေများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်သည့် ဦးစီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကာ တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်ဘဏ္ဍာဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ လေလွင့်မှုမရှိစေဘဲ အရည်အသွေးပြည့်မီစွာဖြင့် အမြန်ဆုံး ပြီးစီးရေး၊ ဆောင်ရွက်ရန်ကျန်နေသည့် လုပ်ငန်းများကိုလည်း မိုးမကျမီပြီးစီးအောင် အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲများရှိပါက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် ကျေးလက်နှင့် မြို့ပြ ကွာဟမှုမရှိစေရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ရန် စသည်တို့ကို မှာကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**




**ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့မှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း**




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

# ဆူပူဆန္ဒပြသူလူတစ်စုက လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဖမ်းဆီး၊ ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဈေးကြိုအဝိုင်းအနီး၌ မုပွန်နယ်မြေရဲစခန်းမှ ရဲအုပ် နိုင်လင်းအောင် သည် အရပ်ဝတ်ဖြင့် လုံခြုံရေးဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် ဆန္ဒပြလူစု၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ၎င်းနှင့်အတူ ပွိုင့်-၃၈ ခြောက်လုံး ပြူးသေနတ် ၁ လက်၊ ၎င်းကျည် ၁၈ တောင့်တို့ ပါသွားကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးခံရသူမှာ မုပွန်နယ်မြေရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၎င်းအား မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက် ဝဲဂလာသင်္ချိုင်းကုန်းတွင် ဆူပူဆန္ဒပြသူလူတစ်စုက ဖမ်းဆီးထားကြောင်းကို မုပွန်နယ်မြေရဲစခန်းမှ တာဝန်ရှိသူထံသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားလာသဖြင့် ညနေ ၅ နာရီခန့်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ခေါ်ယူပြီး ပြန်လည်ထွက်ခွာလာစဉ် ကျောက်မီးသွေးလမ်းဆုံနေရာသို့အရောက် ဆူပူဆန္ဒပြသူလူတစ်စုက မော်တော်ယာဉ်ပေါ် လိုက်ပါလာသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား လောက်လေးခွ၊ ကျောက်ခဲများဖြင့် အကြမ်းဖက် စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ဖြိုခွင်းခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးခံရသူ ရဲအုပ် နိုင်လင်းအောင်နှင့်အတူပါရှိသည့် လက်နက်၊ ခဲယမ်းများကို ဆူပူအကြမ်းဖက်သူများမှ ယူဆောင်သွားခဲ့သည့်အတွက် ပြန်လည်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ကျော်မြင့် ဦးစီး ၄ ဦးတို့သည် ယနေ့မွန်းတည့်ချိန်တွင် Sound Six Bang အလုံး၂၀ နှင့် အသင့်စား ကြာဇံထုပ်များ ထုပ်ယူပြီး သန်လျင်မြို့နယ်သို့ တပ်ဖွဲ့ပိုင် ဟိုင်းလပ်အပြာရောင် မော်တော်ယာဉ် **(အပေါ်ပုံ)** ဖြင့်ပြန်လာစဉ် သာကေတမြို့နယ်၊ ရန်ပြေ (၃) လမ်းထိပ်သို့အရောက်၌ ဆူပူဆန္ဒပြသူ လူတစ်စုက တုတ်၊ ဓားများ ကိုင်ဆောင်၍ ကားအား ရပ်တန့်စေခဲ့ကြောင်း၊ ထို့နောက် မော်တော်ယာဉ်ပေါ်ပါ ပစ္စည်းများအား စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဒုရဲအုပ်ကျော်မြင့်ပါ ရဲတပ်ဖွဲ့ဝင် ၃ ဦးအား လက်ပြန်ကြိုးများတုပ်ချည်ပြီး ကားဘီးများ လေလျှော့ကာ ရန်ပြေ (၃) လမ်းရှိ နာရေးကူညီမှုအသင်းရုံးသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရှိရပြီး ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက သက်ဆိုင်ရာ ဖုန်းဖြင့် ဆက်သွယ်လာပြီး လာရောက်ခေါ်ဆောင်ရန် အကြောင်းကြားခဲ့သဖြင့် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့များနှင့် တာဝန်ရှိသူများက သွားရောက်ခေါ်ဆောင်ရာ သိမ်းဆည်းထားသည့် ပစ္စည်းများနှင့်အတူ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ကမာရွတ်မြို့နယ် ပြည်လမ်း မာလာမှတ်တိုင်အနီး၌ ဆူပူဆန္ဒပြ လူစုလူဝေးကို လူစုခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁ ဦးအား အင်းယားလမ်း မီးပွိုင့်မှ လှည်းတန်း လမ်းဆုံဘက်သို့ မောင်းနှင်လာသော Light Track အဖြူရောင် မော်တော်ယာဉ် ၁ စီးမှ ရည်ရွယ်ချက်ရှိရှိ အကြောင်းမဲ့ဝင်တိုက်ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါလုံခြုံရေး ရဲတပ်ဖွဲ့ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံတွင် ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၅ ဦးတို့သည် ယနေ့တွင် တာဝန်ကျရာနေရာမှ Mark II ယာဉ်ဖြင့် ထွက်ခွာလာစဉ် ၆၃ လမ်းနှင့် ၁၀၇ လမ်းအရောက်၌ ဆူပူအုံကြွလျက်ရှိသည့် လူအင်အား ၂၀၀ ကျော်ခန့်က ရဲကားဟု အော်၍လည်းကောင်း၊ လူတိုက်ပြေးသည်ဟု အော်ဟစ်၍လည်းကောင်း ခဲများဖြင့် ပစ်ခတ်ကာ ကားလမ်းကို ပိတ်ဆို့၍ ယာဉ်အား တားဆီးခဲ့သည်။

ထိုသို့ ပိတ်ဆို့တားဆီးပြီးနောက် ယာဉ်ကို ဖျက်ဆီးကာ ရဲတပ်ဖွဲ့ဝင်များအား မြို့သစ်ရပ်ကွက် ဓမ္မာရုံတွင် ဖမ်းဆီးထားခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၆၂ လမ်းအတိုင်း သွားရောက်ပူးပေါင်းခဲ့ရာ ၁၀၇ လမ်းထောင့်တွင် ဖျက်ဆီးခံထားရသည့် Mark II ယာဉ်ကို တွေ့ရှိပြီး ယာဉ်နောက်ဖုံးအတွင်းမှ လက်နက်ခဲယမ်းများ ပြန်လည်ရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးခံထားရသည့် ရဲတပ်ဖွဲ့ဝင် ၅ ဦးအား ဓမ္မာရုံမှ ပြန်လည်လွှတ်ပေးရေး ညှိနှိုင်း၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ ဆန္ဒပြသူများက အကြမ်းဖက်လုပ်ရပ်များဖြင့် ပြန်လည်တုံ့ပြန် ဆောင်ရွက်လာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှု ဖြိုခွဲရေး လုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အားအနိမ့်ဆုံး အဆင့်ဖြင့် လူစုခွဲဆောင်ရွက်ခဲ့ရပြီး လူအုပ်စု၏ အကြမ်းဖက် တုံ့ပြန်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် Mark II ယာဉ်မှာ ကားမှန်များ၊ တာယာများ ထိုးခွဲဖျက်ဆီးခံခဲ့ရပြီး မော်တော်ယာဉ်ကိုယ်ထည်ကို ဆေးအနီရောင်များမှုတ်၍ ဖျက်ဆီးထားကြောင်း တွေ့ရှိရသည်။

ထို့အပြင် ယနေ့ မွန်းလွဲပိုင်းတွင် ၇၈ လမ်းနှင့် ၂၇ လမ်းထောင့်၊ ၃၈ လမ်းနှင့် ၇၈ လမ်းထောင့်၊ ၃၅ လမ်းနှင့် ၆၂ လမ်းထောင့်၊ ၃၈ လမ်းနှင့် ၈၀ လမ်းထောင့်၊ သိပ္ပံလမ်းနှင့် ၆၂ လမ်းထောင့်တို့တွင် မန္တလေးမြို့တော် လုံခြုံရေးအတွက် တပ်ဆင်ထားသော CCTV Camera များကို ဆူပူဆန္ဒပြသူများက အကြမ်းဖက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဆူပူဆန္ဒပြသူများ အနေဖြင့် အများပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါဖြစ်စဉ် ဖြစ်ပွားရာမြို့နယ်များသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်း မပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားရှိသည့် နေရာများဖြစ်ပြီး ယခုကဲ့သို့ ဆူပူဆန္ဒပြရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေလဲမြို့နှင့် သာယာဝတီမြို့တို့တွင် တပ်မတော်ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ရခိုင်ပြည်နယ် ပေလဲမြို့တွင် အင်အား ၁၀၀၀ ဦးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် အင်အား ၁၅၀၀ တို့ဖြင့် လည်းကောင်း အသီးသီး ပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ မဲမသမာမှု၊ မဲခိုးမှုများ အမြန်ဖော်ထုတ်ပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုး ပုဆိန်ရိုး အမျိုးသားရေး သစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စသည့်စာသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။




အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှု ဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား လှိုင်မြို့နယ်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ Quarantine Center တွင် ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ COVID-19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center တွင် ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ၎င်းတို့၏ မိသားစုဝင်များနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် တပ်မတော်အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လုပ်ငန်းညှိနှိုင်း

**မုံရွာ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေက အခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အပါအဝင် ခရိုင်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာလုံခြုံရေးလုပ်ငန်း များပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ လတ်တလော တွေ့ကြုံနေရသော အခက်အခဲများ၊ ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နေမှုများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဒေသတွင်း ခရီးသွားကုန်စည် ကူးသန်းရောင်းဝယ်နေမှုများအပြင် ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရန် အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင် ၁၁ ခုမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ဒေသအတွင်း ဖြစ်ပေါ်လျက်ရှိသော လုံခြုံရေး ဆောင်ရွက်နေမှုများနှင့် ခရီးသွားပြည်သူများ အမြန်ဆုံးသွားလာမှုလွယ်ကူအောင်ရေလမ်းကုန်းလမ်းခရီးသွားကုန်စည် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပေးရန်နှင့် ရှေးဟောင်းနယ်မြေများရှိ ဘုရားစေတီပုထိုးများ လွတ်လပ်စွာ ဖူးမြော်နိုင်ရေးဖွင့်လှစ်ပေးရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံရန်အတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက လုပ်ငန်းကဏ္ဍများအလိုက် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။



## မယ်စဲ့မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု/ ပြည်နယ်) ရန်ပုံငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ကပြည်နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကလောရယ်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် မြင်စိုင်းရွှေပြည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဟိုဂျစ်- တောင်လှ ကျေးရွာချင်းဆက်လမ်းအရှည် (၁၀/၄) မိုင်ရှိသည့် အနက် ၃ မိုင်ကို ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း၊ တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသောဟိုဂျစ်- ဟိုဖ- လယ်တောကျေးရွာချင်းဆက်လမ်းအရှည် ၉ မိုင်အနက် ဖြုန်းကျောက်ခင်းရန် ကျန်ရှိနေသည့် ၅ မိုင်ကို ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်) ရန်ပုံငွေဖြင့်တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော ဟိုဂျစ်ဘုရားရှိခိုးကျောင်းအဝင်လမ်းအရှည်ပေ၃၅၀ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ လမ်းဆုံ - လယ်တော ကျေးရွာချင်းဆက်လမ်း (၄/၄) မိုင်အနက် ၁ မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အထက(မယ်စဲ့) တို့အတွက် တန်ဖိုးနည်းအိမ်ရာနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့မဘုန်းကြီးကျောင်းဝင်းအတွင်းပေ ၄၀၀ ကွန်ကရစ်ခင်းခြင်းနှင့် ပေ ၈၀ နှင့်ပေ ၉၀ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ တင်ဒါအောင်ကုမ္ပဏီကတာဝန်ယူဆောင်ရွက်နေသာ လမ်းဆုံ-လယ်တော ကျေးရွာချင်းဆက်လမ်း (၄/၄) မိုင်အနက် (၀/၆) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ဟိုစဲ့၊ နမ့်ပိန်းလင်၊ တောင်လှကျေးရွာတို့ရှိ ပညာရေးဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာသုံးလုံးတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များကို ကုမ္ပဏီမှတာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## ဘူးသီးတောင်မြို့နယ်၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် ဘူးသီးတောင် မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ပိတ်ထားခဲ့သော အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများကို စဉ်ဆက်မပြတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဘူးသီးတောင်မြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အမက မြို့မစေတီတောင်(၁)၊ အမှတ်(၃) အခြေခံပညာ(မူလွန်)ကျောင်းများ စုပေါင်းသန့်ရေး ဆောင်ရွက်နေမှုကို ဘူးသီးတောင်တပ်နယ်မှူး ဗိုလ်မှူးကြီး တင်မိုးနိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေလှအောင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများကလိုက်လံကြည့်ရှုပြီး ပျက်စီးနေသည့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ တာဝန်ရှိသူများအား မှာကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြသည်။

ဘူးသီးတောင်မြို့နယ်တွင် အခြေခံပညာကျောင်း ၂၂၈ ကျောင်းရှိရာ ကျောင်းများ၏ ဥပမိရပ် ကောင်းမွန်စေရေး၊ ကျောင်းသန့်ရှင်း သာယာလှပရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်မှ၂၇ ရက်အထိ ကျောင်းပေါင်းကိုးကျောင်းကို ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း စသည့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

မောင်ခိုင်မာ(အထက်မင်းလှ)

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး အများစုမှာ လယ်ယာမြေပေါ်တွင် မှီခိုနေရသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမှာလည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံထားရသည်ဖြစ်၏။ မြန်မာလူမျိုးတို့၏ အဓိကအစားအစာမှာ ဆန်စပါးနှင့် ဆီထွက်သီးနှံဖြစ်ပြီး နွား၊ ဝက်၊ ကြက်၊ ငါးအစရှိသည့် တိရစ္ဆာန်တို့၏ (မွေးမြူရေး)အစာဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်စသည်တို့မှာလည်း လယ်ယာကဏ္ဍမှပင် ထွက်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးက လွန်စွာအရေးပါလှပေသည်။

### ဦးတည်ချက်(၉) ရပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် “(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” ဟူ၍ ချမှတ်ထားပါသည်။

ထို့ပြင် ၂၂-၂-၂၀၂၁ ရက်နေ့က ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ “ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ရေးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရေးပါကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် ၎င်းလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်၍ လိုအပ်သည့် စိုက်မွေးပညာရှင်များ၊ မွေးထုတ်ပေးရန်လိုကြောင်း၊ ဒေသအလိုက် ကိုက်ညီသည့် စိုက်ပျိုးရေး ထုတ်ကုန်များရရှိအောင် သုတေသနပြု၍ ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသွားသည်ကို ဝမ်းမြောက်ဖွယ် ကြားသိရပါသည်။

### လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု၊ မြေ၊ မျိုး၊ ရေ၊ သွင်းအားစုများနှင့် အခြားသောပံ့ပိုးပစ္စည်းများ ပါဝင်သည့် ရုပ်ပိုင်းဆိုင်ရာအပိုင်းနှင့် လယ်ယာလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှုနှင့်တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးအပေါ် စိတ်အားထက်သန်မှုဟူသည့် စိတ်ပိုင်းဆိုင်ရာအပိုင်းဟူ၍ ပါဝင်နေပါသည်။

ရုပ်ပိုင်းဆိုင်ရာမှာ လွန်စွာကျယ်ပြောပါသည်။ ၎င်းတို့အနက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမှာ စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေးဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၉(ခ)အရ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များ ပြုထားသည်ကို အကြောင်းပြုပြီး စီးပွားရေးသမားအချို့က မြေယာဈေးကွက်တွင် ဝင်ရောက်ရင်းနှီးကာ အခြားနည်းဆောင်ရွက်ခြင်းကြောင့် လယ်ယာမြေထုတ်လုပ်မှုကို ထိခိုက်စေပါသည်။ ရောင်းချသည့် တောင်သူလယ်သမားများအတွက် လတ်တလောတွင် ငွေကြေးပမာဏအတိုင်းအတာ တစ်ခုထိ ရရှိနိုင်သော်လည်း ရေရှည်တွင် လူမှုစီးပွားရေးဘဝ အခက်အခဲတွေ့နိုင်ပါသည်။

### စိုက်ပျိုးစရိတ်ချေးငွေ

စိုက်ပျိုးမွေးမြူရေးထုတ်လုပ်မှုစရိတ် လျော့နည်းကျဆင်းရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးသီးနှံ အရည်အသွေးမြှင့်တင်ရေး၊ ဈေးကွက်ဝေစုရရှိရေး၊ အလှည့်ကျသီးနှံမှ ပင်မဝင်ငွေအပြင် ဒုတိယဝင်ငွေရရှိစေရန် တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် ပေါင်းစည်း လယ်ယာ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ ကာလလတ်ချေးငွေနှင့် နည်းပညာများ၊

> “ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု၊ မြေ၊ မျိုး၊ ရေ၊ သွင်းအားစုများနှင့် အခြားသောပံ့ပိုးပစ္စည်းများ ပါဝင်သည့် ရုပ်ပိုင်းဆိုင်ရာအပိုင်းနှင့် လယ်ယာလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှုနှင့်တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးအပေါ် စိတ်အားထက်သန်မှုဟူသည့် စိတ်ပိုင်းဆိုင်ရာအပိုင်းဟူ၍ ပါဝင်နေ”

မျိုးကောင်းမျိုးသန့်ရရှိရေးများကို ဆောင်ရွက်ပေးသင့်ကြောင်း ပညာရှင်များက အကြံပြုကြပါသည်။ ဤအချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် လမ်းညွှန်မှာကြားထားကြောင်း တွေ့ရှိရပါသည်။

အထက်ပါ အချက်များနှင့်ဆက်စပ်၍ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း ဖြစ်နိုင်ပါက လက်ရှိနှုန်းထားထက် ပိုမိုတိုးမြှင့်ထုတ်ချေးပေးရေး၊ ပြည်ပချေးငွေရယူ၍မြန်မာ့လယ်ယာမြေ ဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ထုတ်ချေးပေးရေး၊ ချေးငွေကို တောင်သူလယ်သမားလက်ဝယ်သို့ လယ်ယာလုပ်ငန်းခွင်မဝင်မီ မှန်မှန်နှင့် မြန်မြန်ရောက်ရှိရေး၊ မြို့နယ်ရုံးသို့ လာရောက်ထုတ်ယူရသည့်အခက်အခဲကို နည်းလမ်းရှာဖြေလျှော့ပေးရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) ကို တရားမဝင် ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေ အလွဲသုံးစားပြုမှုမဖြစ်ပေါ်ရေး စသည်တို့ကိုလည်း အလေးထားဆောင်ရွက်ပေးသင့်ပါသည်။

### ပြန်လည်ထူထောင်ရေးချေးငွေ

မြန်မာနိုင်ငံ၌ လည်ပတ်နေသော ငွေကြေးတို့၏ ၃၀ ရာခိုင်နှုန်းသာ ဘဏ်စနစ်ကို အခြေပြုလျက်ရှိပြီး ကျန် ၇၀ ရာခိုင်နှုန်းသည် ဘဏ်စနစ်၏ ပြင်ပတွင် လည်ပတ်လျက်ရှိကြောင်း၊ ၎င်းပြင်ပလည်ပတ်ငွေကြေးကို စိုက်ပျိုးမွေးမြူရေးကဏ္ဍသို့ ဆွဲဆောင်စီးဝင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းစဉ်းစားသင့်ကြောင်း၊ ဘဏ်လုပ်ငန်းကျွမ်းကျင်သူများ၏ ပြောဆိုချက်အချို့ကို မှတ်သားဖူးပါသည်။ တစ်ဆက်တည်းမှာပင် သဘာဝအန္တရာယ်ကြောင့် ပျက်စီးသည့် စိုက်ကေများနှင့် မွေးမြူရေးတိရစ္ဆာန်များအတွက် “ပြန်လည်ထူထောင်ရေး ချေးငွေထုတ်ချေးပေးသည့် စနစ်တစ်ရပ်ထားရှိရေး”နှင့် အဆိုပါကိစ္စရပ်များအတွက် “နိုင်ငံတော်ရန်ပုံငွေတစ်ရပ်” သီးခြားထားရှိရေးကို အခြေအနေက တောင်းဆိုနေပြီဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင်“သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း၊ တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာထုတ်ကုန်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်”ဟူ၍ ပြဋ္ဌာန်းထားကြောင်းလည်း သိရပါသည်။

### သင့်တင့်မျှတသည့် တန်ဖိုးရရှိစေရန်

အချို့ စိုက်ပျိုးရေးရာသီ၊ အချို့နှစ်ကာလများတွင် တောင်သူလယ်သမားတို့၏ လယ်ယာထွက်သီးနှံများ ဈေးနှုန်းကျဆင်းခြင်း၊ ဈေးကွက်ပျက်ခြင်း စသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ လောလောဆယ် ကမ္ဘာ့ကပ်ရောဂါဖြစ်သော COVID-19 ရောဂါ၏ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်ပေါ်စေသည့် ဆိုးကျိုးများကို အများနည်းတူ တောင်သူလယ်သမားများ ခံစားကြရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၃ (ခ)တွင် “စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်”ဟု ပြဋ္ဌာန်းထားသည့်အတိုင်း သီးနှံများကို ကာလ/ ဒေသ/ အမျိုးအစားအပေါ်မူတည်၍ အနိမ့်ဆုံးဈေးအာမခံမှုစနစ်နှင့် သီးနှံအာမခံဝန်ဆောင်မှုစနစ်များကို နိုင်ငံတော်မှ စီစဉ်ပေးသင့်ပါသည်။

### စိုက်မွေးပညာ

စိုက်ပျိုးမွေးမြူရေးနည်းပညာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လယ်ယာသားငါးဖွံ့ဖြိုးတိုးတက်ရေးသည် နည်းပညာကောင်းစွာ တတ်ကျွမ်းရန် လိုအပ်မည်ဟု ၂၀၁၄ ခုနှစ် အိုအီးစီဒီက သုံးသပ်ပြထားပါသည်။ သက်ဆိုင်ရာနည်းပညာကျောင်းများသို့ တက်ရောက်သင်ကြားသူအရေအတွက်ကို နှိုင်းယှဉ်လေ့လာပါက မြန်မာနိုင်ငံရှိ ကျောင်းသားအားလုံး၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနေချိန်တွင် တရုတ်နိုင်ငံတွင် ၇၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားတွင် ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၃၅ ရာခိုင်နှုန်းရှိသည်ဟု ယူနက်စကို၏ ၂၀၁၄ ခုနှစ် ထုတ်ပြန်ကြေညာချက်ကို ထောက်ရှု၍ အခြေခံပညာကျောင်းများတွင် အခြေခံစိုက်ပျိုး၊ မွေးမြူရေးပညာကို ထည့်သွင်းပို့ချရန် သင့်/မသင့် အဖြေရှာသင့်ပေသည်။ ဤအချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၂၁) တွင် လမ်းညွှန်မှာကြားထားသည်မှာ အားတက်ဖွယ်ဖြစ်ပါသည်။

### မြေဆီလွှာအရည်အသွေးနှင့် စိုက်ပျိုးနည်းစနစ်

စိုက်ပျိုးရေး၏ မရှိမဖြစ် မြေကြီးနှင့်ပတ်သက်၍ လေ့လာကြည့်လျှင် မြေဆီလွှာ အရည်အသွေးသည် စိုက်ကွက်တစ်ကွက်နှင့် တစ်ကွက်မတူညီကြောင်း၊ အချို့စိုက်ပျိုးမြေများတွင် ကန့်ဓာတ်ချို့တဲ့မှု၊ သွပ်ဓာတ်ချို့တဲ့မှု၊ ဘိုရွန်ဓာတ်ချို့တဲ့မှု အစရှိသဖြင့် မတူညီသော စိုက်ပျိုးမြေအတွက် လိုအပ်သော ဓာတ်မြေဩဇာကို သီးသန့်ကျွေးနိုင်မှသာ ပန်းတိုင်အထွက်နှုန်း ပြည့်မီမည်ဖြစ်ကြောင်း၊ သို့အတွက် မြန်မာနိုင်ငံရှိ မြေဆီလွှာဌာနအနေဖြင့် ခေတ်မီဓာတ်ခွဲခန်းများ အသုံးပြုကာ မြေဆီလွှာသုတေသနကို အကွက်စိပ်စိပ် စီမံပေးသင့်ကြောင်း ပညာရှင်တို့၏ အကြံပြုချက်များကို မှတ်သားမိပါသည်။

စိုက်ပျိုးမြေတိုးချဲ့ရေးထက် အထွက်နှုန်းတိုးရေးက ရှေ့တန်းရောက်နေသည့် ကာလဝယ် မြေဆီလွှာသုတေသနနှင့် ယှဉ်တွဲနေသည်မှာ စိုက်ပျိုးရေးနည်းစနစ်ဖြစ်၏။ မြန်မာနိုင်ငံတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးဟူသော စကားကို တွင်တွင်ကျယ်ကျယ် ပြောဆိုနေကြသော်လည်း လက်တွေ့တွင် တောင်သူလယ်သမားများကလည်း ပညာရှင်ထံသို့ မသွား၊ ပညာရှင်များကလည်း တောင်သူလယ်သမားများထံ အရောက်အပေါက်နည်းနေပါလျှင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်နှေးကွေးနေမည် ထင်၏။

### GAP နည်းစနစ်

စားသုံးသီးနှံများ ဖြစ်ထွန်းအောင်မြင်အောင် သိပ္ပံနည်းကျ စိုက်ပျိုးနိုင်သော အကျိုးဆက်သည် လူသားတို့အသက်ရှင်သန်ရေးအတွက် အာဟာရကို ဖြည့်ဆည်းပေးသည့်အပြင် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း အသက်ရှည်ကျန်းမာရေးအတွက်ပါ ကြီးမားသော အထောက်အပံ့ ဖြစ်စေပါသည်။ ဤသို့ ဘေးကင်းလုံခြုံပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေသော စိုက်ပျိုးနည်းစနစ် GAP (Good Agriculture Practice) ကို ကမ္ဘာတစ်လွှား ကျင့်သုံးနေကြပြီဖြစ်ပါသည်။

စာရေးသူတို့နိုင်ငံတွင်လည်း အဆိုပါ GAP စနစ် အရှိန်မြှင့်အကောင်အထည်ဖော်စေရေးအတွက် လယ်ယာမြေများအား စနစ်တကျပြုပြင်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများအား စနစ်တကျပို့ချပေးခြင်း၊ မြေအမျိုးအစားနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများသို့ ချထားပေးခြင်း၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ကာ ဒေသခံပြည်သူများအား တစ်နိုင်တစ်ပိုင် လုပ်ပိုင်ခွင့်ပေးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးသုတေသနများ စဉ်ဆက်မပြတ်ပြုလုပ်ခြင်း၊ တောင်သူလယ်သမားများကလည်း တရားဝင်မှတ်ပုံတင်ထားသည့် မြေဩဇာနှင့် မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများနှင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများအား စနစ်တကျသုံးစွဲခြင်း၊ ရိတ်သိမ်း၊ သိုလှောင်၊ သယ်ယူပို့ဆောင်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်း၊ GAP အသိပညာပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခြင်းများကို ပါဝင်ပတ်သက်သူအားလုံးက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် လိုအပ်ပါမည်။

ထို့အတူ နိုင်ငံတကာနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးသွင်းကုန်/ ပို့ကုန်စနစ် ပီပြင်ရန်လည်း လိုအပ်ပါမည်။ အချို့ကုန်သွယ်ဖက်နိုင်ငံများက ၎င်းတို့၏ နိုင်ငံသို့ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့ရာတွင် ပိုးမွှားရောဂါကင်းစင်ကြောင်း၊ မှိုဆိပ်ကင်းရှင်းကြောင်း၊ ဓာတ်ကြွင်းသတ်မှတ်ချက်များ စသည်တို့ကို ထောက်ခံပေးရသဖြင့် တောင်သူလယ်သမားများက GHP (Good Hygiene Practices) နည်းစနစ်များနှင့် ကိုက်ညီအောင် စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါသည်။

### တောင်သူလယ်သမားနေ့ အခါသမယဝယ်

အနှစ်ချုပ်အားဖြင့်ဆိုရပါလျှင် နိုင်ငံတော်၏ အခြေခံကျသော စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများအဖို့ လုပ်ငန်းခွင် တည်ငြိမ်ကာ ကိုယ်စိတ်နှလုံးရွှင်ပြုံးစွာဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြပါစေကြောင်း ၂၀၂၁ ခုနှစ် တောင်သူလယ်သမားနေ့ အခါသမယဝယ် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အဲဗာတန်နဲ့ ဆောက်သမ်တန်တို့ ဆုံတွေ့နေတဲ့ ပရီမီယာလိဂ်ပွဲစဉ် (၂၆)



# အနိုင်ရရှိဖို့ကြိုးစားလာမယ့် ရီးရဲမက်ဒရစ်ကို ဆိုစီဒက် ဟန့်တားသွားနိုင်မလား



■ မိုးဇက်-စုစည်းသည်

## အဲဗာတန် vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် ဆောက်သမ်တန် ၂-၀ အဲဗာတန်

ပရီမီယာလိဂ်ပွဲစဉ် (၂၆) အဖြစ် အဲဗာတန်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို မတ် ၂ ရက် နံနက် ၂ နာရီခွဲမှာ အဲဗာတန်အိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဗာတန်အသင်းက ဖူလ်ဟမ်၊ မန်စီးတီးအသင်းတို့ကို ရှုံးနိမ့်ထားပေမယ့် ပြီးခဲ့တဲ့ လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲ ရရှိထားပါတယ်။ အဆိုပါပွဲစဉ်မှာ အဲဗာတန်အသင်းအနေနဲ့ လီဗာပူးအသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးကန်သွင်းမှု အသာစီးရယူနိုင်မှု မရှိခဲ့ပေမယ့် လိုအပ်နေတဲ့ နိုင်ပွဲကိုတော့ ရစ်ချတ်လီဆန်၊ ဆီဂတ်ဆန်တို့ရဲ့ အဆုံးသတ်သေချာမှုနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာ အဲဗာတန်အသင်းအနေနဲ့ ၂၄ ပွဲကစားပြီး ရမှတ် ၄၀ ရရှိထားပါတယ်။ ဆောက်သမ်တန်အသင်းက နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲနှစ်ပွဲနဲ့ သရေတစ်ပွဲကျထားတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုမရှိပါဘူး။ ဆောက်သမ်တန်အသင်းက ပြီးခဲ့တဲ့ လိဒ်စ်အသင်းနဲ့ပွဲစဉ်မှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာနဲ့ ဦးဆောင်ထားနိုင်တာကို တွေ့ရတယ်။ အမှတ်ပေးဇယားမှာ ၂၅ ပွဲကစားပြီး ရမှတ် ၃၀ နဲ့ အဲဗာတန်အသင်းအောက်မှာ ရပ်တည်နေပါတယ်။

### အဝေးကွင်းစွမ်းဆောင်ရည် ပိုမိုသာလွန်

အဲဗာတန်အသင်းအနေနဲ့ ယခုနှစ်ရာသီ ပရီမီယာလိဂ်အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၂ ပွဲမှာ လေးပွဲနိုင်ပြီး နှစ်ပွဲသရေကျကာ ခြောက်ပွဲအထိ ရှုံးနိမ့်ထားတဲ့အတွက် ရမှတ် ၁၄ မှတ်သာ ရရှိထားပါတယ်။ အဝေးကွင်းစွမ်းဆောင်ရည်ကို ကြည့်ရင်တော့ ၁၂ ပွဲမှာ ရှစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျကာ နှစ်ပွဲရှုံးနိမ့်ထားတဲ့အတွက် ရမှတ် ၂၆ မှတ် ရရှိထားတာကို တွေ့ရတယ်။ ဒါကြောင့် အဲဗာတန်အသင်းအနေနဲ့ ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ အိမ်ကွင်းစွမ်းဆောင်ရည်ထက် အဝေးကွင်းစွမ်းဆောင်ရည်မှာ ပိုမိုသာလွန်နေတာကို တွေ့ရတယ်။ ယခုပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်တာကြောင့် အဲဗာတန်အသင်းအနေနဲ့ ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲ စိတ်ဝင်စားဖွယ်ရာပင်။ ဆောက်သမ်တန်အသင်းအနေနဲ့ ယခုနှစ်ရာသီ ပရီမီယာလိဂ် အိမ်ကွင်းမှာယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၃ ပွဲမှာ ရမှတ် ၁၇ မှတ်သာ စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၂ ပွဲမှာ ၁၃ မှတ်သာစုဆောင်းထားနိုင်တာကို တွေ့ရတယ်။ ဒါကြောင့် ဆောက်သမ်တန်အသင်းအနေနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ထက် အိမ်ကွင်းစွမ်းဆောင်ရည်သာလွန်နေတာကို တွေ့ရတယ်။ ဒါကြောင့် အိမ်ကွင်းစွမ်းဆောင်ရည် ကျဆင်းတတ်လေ့ရှိတဲ့ အဲဗာတန်အသင်းနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းတတ်လေ့ရှိတဲ့ ဆောက်သမ်တန်အသင်းတို့ ဆုံတွေ့နေတာကြောင့် ဘယ်လိုဖြစ်လာမလဲ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ အဲဗာတန်အမှတ်ပြည့်ရယူနိုင်ဖွယ်ရှိပေမယ့် မထင်မှတ်ဘဲ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

## ရီးရဲမက်ဒရစ် vs ဆိုစီဒက်

ပထမအကျော့ရလဒ် ဆိုစီဒက် ၀-၀ ရီးရဲမက်ဒရစ်

လာလီဂါပွဲစဉ် (၂၅)အဖြစ် ရီးရဲမက်ဒရစ်အသင်းနဲ့ ဆိုစီဒက်အသင်းတို့ပွဲစဉ်ကို မတ် ၂ ရက် နံနက် ၂ နာရီခွဲမှာ ရီးရဲမက်ဒရစ်အိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ဇန်နဝါရီ ၃၀ ရက်က လီဗန်တေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ဟူစကာ၊ ဂီတာဖေး၊ ဗလင်စီယာ၊ ဗယ်လာဒိုလစ်၊ အတ္တလန္တာစတဲ့အသင်းများကို ငါးပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတာကြောင့် ခြေစွမ်းအထူးကောင်းမွန်နေပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ၂၄ ပွဲကစားပြီး ၅၂ မှတ်နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုပွဲစဉ်အနိုင်ရရှိရင် ရမှတ် ၅၅ မှတ်နဲ့ အဆင့် (၂) နေရာကို တက်လှမ်းနိုင်မှာဖြစ်တဲ့အတွက် အားစိုက်ကစားလာမှာ သေချာပါတယ်။ ဒါ့အပြင် ရီးရဲမက်ဒရစ်အသင်းက အဆိုပါ ၂၄ ပွဲမှာ ပေးဂိုးက ၁၉ ဂိုးသာခွင့်ပြုပေးထားရတာကြောင့် ယခုနှစ်ရာသီ လာလီဂါ ခံစစ်အကောင်းဆုံးအသင်းထဲမှာ ပါဝင်နေပါတယ်။ ဆိုစီဒက်အသင်းအနေနဲ့ အလာဗက်စ်အသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပေမယ့် ပြီးခဲ့တဲ့ မန်ယူအသင်းနဲ့ပွဲစဉ်မှာ ဂိုးမရှိသရေကျထားပြီး နှစ်ကျော့ရလဒ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲကနေ ထွက်ထားရတဲ့ အသင်းဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာ ၂၄ ပွဲကစားပြီး ရမှတ် ၄၁ မှတ်နဲ့ ရီးရဲမက်ဒရစ်အသင်းအောက်မှာ ရပ်တည်နေပါတယ်။

### အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းတည်ငြိမ်

ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုနှစ်ရာသီ လာလီဂါအိမ်ကွင်း ၁၁ ပွဲ စွမ်းဆောင်ရည်ကိုကြည့်ရင် ရှစ်ပွဲနိုင်ပြီး သုံးပွဲအထိရှုံးနိမ့်ထားတာကြောင့် ရမှတ် ၂၄ မှတ်စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၃ ပွဲမှာ ရှစ်ပွဲနိုင်ပြီး လေးပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ရမှတ် ၂၈ မှတ်စုဆောင်းထားနိုင်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုနှစ်ရာသီ လာလီဂါအိမ်ကွင်းမှာယှဉ်ပြိုင်ကစားထားတဲ့ ၁၁ ပွဲမှာ ပေးဂိုးက ခုနစ်ဂိုးသာ ခွင့်ပြုပေးထားရတာကို တွေ့ရတယ်။ ဆိုစီဒက်အသင်းအနေနဲ့ ယခုနှစ်ရာသီ လာလီဂါအိမ်ကွင်း ၁၂ ပွဲမှာ ငါးပွဲနိုင်၊ ငါးပွဲသရေနဲ့ နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် ရမှတ် ၂၀ စုဆောင်းထားနိုင်ပါတယ်။ အဝေးကွင်း ၁၂ ပွဲမှာ ခြောက်ပွဲနိုင်ပြီး သုံးပွဲသရေကျထားကာ သုံးပွဲရှုံးနိမ့်ထားတဲ့အတွက် ၂၁ မှတ်စုဆောင်းထားနိုင်ပါတယ်။ ဒါကြောင့် ဆိုစီဒက်အသင်းအနေနဲ့ ယခုနှစ်ရာသီလာလီဂါ အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းတည်ငြိမ်နေတာကို တွေ့ရတယ်။ ရီးရဲမက်ဒရစ်အသင်းက ယခုနှစ်ရာသီ အိမ်ကွင်းမှာ ရှုံးပွဲသုံးပွဲအထိ ကြုံတွေ့ထားပေမယ့် အမှတ်ပေးဇယားရပ်တည်မှုအရ ယခုပွဲစဉ်ကို အနိုင်ရရှိရန် အသေအချာပြင်ဆင်လာမှာပါ။ ဆိုစီဒက်အသင်းကလည်း ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိဖို့ အာရုံစိုက်ကစားလာမှာပါ။

## နောက်ဆုံးရ သတင်းတိုများ

- လက်စတာအသင်းသည် လီဗာပူးနှင့် မန်ယူအသင်းတို့ ခေါ်ယူရန် စောင့်ကြည့်နေသည့် အသင်းမှ အသက် (၂၃နှစ်)အရွယ် အင်္ဂလန်ကွင်းလယ် ကစားသမား ဟာဗေးဘားနက်စ်ကို စာချုပ်သစ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

- ရီးရဲမက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းတွင် အငှားကစားနေသော အိုဒီဂတ်အနေဖြင့် အနာဂတ်တွင် ဘာနေဗျူး၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ကစားခွင့်ရရှိလိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။ အိုဒီဂတ်သည် အာဆင်နယ်အသင်းတွင် လေးပွဲပါဝင်ကစားထားကြောင်း သိရသည်။

- မန်ယူအသင်းသည် အသင်းမှ အသက် (၃၄နှစ်) အရွယ်ရှိ ဥရုဂွေး တိုက်စစ်ကစားသမား အီဒီဆင် ကာဗာနီ၏ တစ်နှစ်သက်တမ်းတိုးခွင့်ကို အသုံးမပြုပါက အဆိုပါ တိုက်စစ်ကစားသမားကို ပေါင် ၁ ဒသမ ၇၅ သန်းပေးချေရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။



- အဲဗာတန်အသင်းသည် စလာဗီယာ ပရာ့ဂ်အသင်းတွင် ကစားလျက်ရှိသော အသက် (၁၉နှစ်) အရွယ် ဆီနီဂေါတိုက်စစ်ကစားသမား ဆီမာကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

- နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ဝီဂန်အသင်းမှ အသက် (၁၉နှစ်) အရွယ် ဂျိုးဆက်ကို အာဆင်နယ်၊ ဆဲလ်တစ်နှင့် ရိန်းဂျားအသင်းတို့က ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

- ဂျူဗင်တပ်စ်အသင်းသည် လိုင်ယွန်အသင်းမှ နယ်သာလန် တိုက်စစ်ကစားသမား ဒီပေး (၂၇နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

# စီရော်နယ်ဒို ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် သရေနဲ့ကျေနပ်ခဲ့ရတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေပွဲစဉ် (၂၄) အဖြစ် ဗီရိုနာအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ဗီရိုနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဗီရိုနာအသင်းက ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန်အတွက် ယခုပွဲစဉ်ကို ဆီလ်ဗက်စထရီ၊ မက်နာနီ၊ လိုဗာတို၊ ဖာရိုအိုနီ၊ အတူရာအို၊ အီလစ်၊ ဒီမာကို၊ ဘာရက်ခ်၊ ဇက်ကာနီ၊ လာဆက်နာစသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဂျူဗင်တပ်စ်အသင်းက ပြီးခဲ့တဲ့ ခရိုတုန်းအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်မှ လူစာရင်းကို သုံးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး ဆက်ဇီနီ၊ ဆန်ဒရို၊ ဒီလစ်၊ ဒီမီရယ်၊ ဘာနာဒီချီ၊ ရမ်ဆေး၊ ရာဘီရော့၊ ချီယေဆာ၊ စီရော်နယ်ဒို၊ ကလူဆက်စကီးစသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

### ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရ

အနိုင်ရရှိရေးကို ဦးတည်လာသည့် ဂျူဗင်တပ်စ်အသင်း ပွဲစသည်နှင့် ဗီရိုနာအသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်ခဲ့သည်။ ပွဲအစ တစ်မိနစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ရမ်ဆေး ဂိုးကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ပွဲချိန် လေးမိနစ်တွင်လည်း ဂျူဗင်တပ်စ်အသင်းမှ စီရော်နယ်ဒို အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဗီရိုနာခံစစ်ကစားသမားကာကွယ်နိုင်ခဲ့သည့်အတွက် ဂျူဗင်တပ်စ်အသင်း ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ ပွဲချိန်ခြောက်မိနစ်တွင် ဗီရိုနာအသင်း အနီးကပ်ခေါင်းတိုက်ခွင့်ရရှိခဲ့သော်လည်း ဂျူဗင်တပ်စ်အသင်းဂိုးသမား ကာကွယ်နိုင်ခဲ့သည်ကို တွေ့ရသည်။

ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှုများဖြင့် ကြည့်ကောင်းသည့်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ သို့သော်လည်း ပထမပိုင်းပွဲချိန် ပြီးဆုံးသည်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

### စီးရီးအေသွင်းဂိုး ၁၉ ဂိုးအထိရှိလာ

ဒုတိယပိုင်းအစတွင် ဗီရိုနာအသင်းက နည်းဗျူဟာအပြောင်းအလဲပြုလုပ်ပြီး အီလစ်၏ နေရာကို ဗီလိုဆိုဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း ဦးဆောင်ဂိုးကို ဂျူဗင်တပ်စ်အသင်းက စတင်ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၄၉ မိနစ်တွင် ဂျူဗင်တပ်စ်အသင်းအတွက် ဦးဆောင်ဂိုးကို ချီယေဆာ၏ ဖန်တီးပေးမှုမှတစ်ဆင့် စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။ စီရော်နယ်ဒိုသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲ ၂၀ ကစားပြီး ၁၉ ဂိုးအထိ သွင်းယူထားနိုင်သောကြောင့် ယခုနှစ်ရာသီ စီးရီးအေသွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည်။ ပွဲချိန် ၆၁ မိနစ်တွင် ဗီရိုနာအသင်း အဝေးကန်ချက်ဖြင့် ကန်သွင်းယူနိုင်ခဲ့သော်လည်း ဂျူဗင်တပ်စ်ဂိုးသမား ကာကွယ်နိုင်ခဲ့လို့ သက်သာရာရခဲ့သည်။ ဒုတိယပိုင်းပွဲချိန်တွင်လည်း နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်မှုများ၊ ဂိုးပေါက်ကန်သွင်းမှုများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း ဗီရိုနာအသင်း၏ ထိုးဖောက်မှုများက ဂျူဗင်တပ်စ်အသင်း ခံစစ်အတွက် အခက်တွေ့စေခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၇ မိနစ်တွင် လာဇိုဗစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘာရက်ခ်က ဗီရိုနာအသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက်ပိုင်း နှစ်သင်းစလုံး ဒုတိယပိုင်းပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲကို အဆုံးသတ်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းသည် ဗီရိုနာအသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှု၊ ဂိုးပေါက်တည့်မတ်မှု သိသိသာသာအသာစီးရယူထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။



ဗီရိုနာအသင်းဘက်သို့ ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား စီရော်နယ်ဒို ဂိုးသွင်းယူမှုကို တွေ့ရစဉ်။

### ဦးဆောင်သူ အင်တာမီလန်နှင့် ရမှတ်ကွာဟမှု များပြားခဲ့

ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်ကို သရေကျခဲ့သောကြောင့် ၂၃ ပွဲကစား ၄၆ မှတ်ရရှိပြီး အင်တာမီလန်အသင်းက ၂၃ ပွဲတွင် ၅၃ မှတ် ရရှိထားသောကြောင့် ရမှတ်ကွာဟမှု များပြားခဲ့ရပြီဖြစ်သည်။ ဗီရိုနာအသင်းသည် လာမည့်ပွဲစဉ် အဖြစ် မတ် ၄ ရက်တွင် စီးရီးအေပြိုင်ပွဲ၌ ဘင်နီဗန်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းက မတ် ၃ ရက်တွင် စီးရီးအေပြိုင်ပွဲ၌ စပီဇီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ဆီဗီလာအိမ်ကွင်းမှာ အနိုင်ယူခဲ့တဲ့ ဘာစီလိုနာ

စပိန်လာလီဂါပွဲစဉ် (၂၅) အဖြစ် ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက ဆီဗီလာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်ပြတ်အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းအတွက် ဂိုးများကို ဒမ်ဘီလီနှင့် မက်ဆီတို့က သွင်းယူပေးနိုင်ခဲ့သည်။


ဆီဗီလာအသင်းဘက်သို့ မက်ဆီ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

အိမ်ရှင်ဆီဗီလာအသင်းက ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် အဓိက ကစားသမားအများအပြားကို အသုံးပြုကာ ဘာစီလိုနာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘာစီလိုနာအသင်းကလည်း ပြီးခဲ့သည့်ပွဲစဉ်တွင် အယ်ချီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်မှ လူစာရင်းကို လေးဦးအထိအပြောင်းအလဲလုပ်ကာ ဆီဗီလာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် ၂၉ မိနစ်တွင် ဘာစီလိုနာအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အဆိုပါဂိုးကို မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒမ်ဘီလီက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဆီဗီလာအသင်း လူစားလဲမှုများပြုလုပ်လာခဲ့သော်လည်း လို အပ်နေသည့် ဂိုးများကို သွင်းယူနိုင်ခြင်းမရှိပေ။

ပွဲချိန် ၈၅ မိနစ်တွင် ဘာစီလိုနာအသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို မက်ဆီသွင်းယူနိုင်ခဲ့၍ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ယခုနှစ်ရာသီ လာလီဂါသွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ၁၉ ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

■ အောင်ဇော် - စုစည်းသည်

## သတင်းတိုများ

ချယ်ဆီးနည်းပြ တူချယ်သည် မန်ယူအသင်းမှ ဘရူနိုဖာနန်ဒက်ဇ်ကို ထူးချွန်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ချီးကျူးလိုက်ပြီး ၎င်းပီအက်စ်ဂျီအသင်းတွင် နည်းပြခဲ့စဉ်က အဆိုပါ ကစားသမားကို ခေါ်ယူရန် ကြိုးစားခဲ့ဖူးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဖာနန်ဒက်ဇ်သည် မန်ယူအသင်းအတွက် ပွဲ ၆၀ တွင် ၃၄ ဂိုးသွင်းယူပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။




ဘွန်ဒက်စ်လီဂါပွဲစဉ် ၂၃ ပွဲအဖြစ် ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက ဒေါ့မွန်အသင်းနှင့် ဘီလီဖီးလ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဒေါ့မွန်အသင်းအတွက် တစ်ဂိုးသွင်းပြီး တစ်ဂိုးဖန်တီးပေးထားနိုင်သည့် ဆန်ချိုသည် ဘွန်ဒက်စ်လီဂါ ၉၉ ပွဲတွင် ၃၆ ဂိုးသွင်းယူပေးထားနိုင်ပြီး ဂိုးဖန်တီးမှု အကြိမ် ၅၀ အထိ ပြုလုပ်ထားနိုင်ကြောင်း သိရသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်တင်ဝေ(ခ)မဝေ
## ရွှေသဇင်ကုန်မျိုးစုံရောင်းဝယ်ရေး၊ မင်္ဂလာဈေး
## အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ(ဦးရွှတ်-ဒေါ်သန်းရှင်)တို့၏သမီး၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ (ဦးမြတ်ကျော်-ဒေါ်ဖွားကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက် ၁၉၊ အခန်း ၃၀၁နေ ဦးမျိုးမြင့်၏ ချစ်လှစွာသောဇနီး၊ ကိုကောင်းမြတ်ဝင်း-မသူဇာအောင်(သဇင်အောင် စိန်၊ ရွှေ ရတနာရောင်းဝယ်ရေး)၊ ကိုမျိုးကျော်သူရ(ရွှေသဇင် ကုန်မျိုးစုံရောင်းဝယ်ရေး၊ မင်္ဂလာဈေး)၊ ကိုကျော်စွာဟိန်း-မအိသူ(မြတ်နိုးသူကလေးအဝတ်အထည်ရောင်းဝယ်ရေး)၊ ကိုဇင်ဘိုထွန်း-မဆွေဆွေအောင်(ရွှေအိမ်စည် အလှကုန်မျိုးစုံရောင်းဝယ်ရေး)၊ မထက်ထက်ဝေတို့၏မိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၁ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဦး
## (လမ်းမတော်)
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၆လမ်း၊ အမှတ် ၁၃၄နေ ဦးမောင်ငယ်-ဒေါ်သန်းညွန့် တို့၏သမီးကြီး၊ ဦးဝင်းကြိုင်၏ ဇနီး၊ ဒေါက်တာသူရကျော်လင်း၏မိခင်၊ ဦးစန်းမြင့်- ဒေါ်စုစုစိန်၊ ဒေါ်မြင့်မြင့်အေး-Mr.Chao Ming Kio၊ ဦးအောင်မြင့်တို့၏အစ်မကြီး၊ တူ ခုနစ် ယောက်၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၂၈-၂-၂၀၂၁ရက် နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဒေါ်စန္ဒာဆွေ(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)
## ရောဂါဗေဒ ပါရဂူ
## အသက်(၆၄)နှစ်

တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ၏ အာစရိယ ပူဇော်ပွဲတွင် ကန်တော့ခံဆရာမကြီးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဒေါ်စန္ဒာဆွေ(ရောဂါဗေဒပါရဂူ)သည် ၂၇-၂-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာမကြီး ကောင်းရာ သုဂတိလားပါစေခင်ဗျာ။

**အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**တပ်မတော် ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသန်းညွန့်၏သမီး ဖောင်းပြင်မြို့နယ်၊ မင်းယားအုပ်စု၊ မင်းယားကျေးရွာနေ မစန်းငွေနှင့် မစန်းစန်းငွေ ၅/ ဖပန(နိုင်) ၀၀၆၂၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးရွှေအောင်၏သမီး ဖောင်းပြင်မြို့နယ်၊ မင်းယားအုပ်စု၊ မင်းယားကျေးရွာနေဒေါ်တင်မြရီနှင့်ဒေါ်တင်မြရည် ၅/ ဖပန(နိုင်) ၀၀၇၅၄၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် (၄၅)၊ ဦးပိုင်အမှတ်(၄၅/က)၊ ဧရိယာ ၀ဒသမ ၁၂၀ ဧကရှိမြေသည် ဦးတင်ညွန့်-ဒေါ်ရင် အမည်ဖြင့် ၁၀နှစ်မြေငှားဂရန်ကို ၁-၁-၁၉၉၂ မှ ၃၁-၁၂-၂၀၀၂ အထိ ရရှိထားပါ သည်။ ယင်းမူရင်းမြေငှားဂရန်မှာ ပျောက်ဆုံးလျက်ရှိပါသည်။ ဦးတင်ညွန့်-ဒေါ်ရင် ကွယ်လွန်သွား၍ကျန်ရှိသားသမီးတို့မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်စာတမ်းမှတ်ပုံတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာသို့ မြေငှားဂရန်ပြန်လည်ရရှိရေးလျှောက် ထားတင်ပြသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ကျန်ရှိမောင်နှမများ(ကိုယ်စား)၊ ဒေါ်သန်းမြ(ဘ)ဦးတင်ညွန့်**
**မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့ ဖုန်း-၀၉-၂၅၆၂၈၂၈၃၄**

---

## ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် Foam မီးငြှိမ်းသတ်ယာဉ်(၂)စီး ဝယ်ယူရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၃-၂၀၂၁ရက်မှ ၃၀-၃-၂၀၂၁ရက်အထိ နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ

(ခ) တင်ဒါပုံစံရောင်းချတင်သွင်းမည့်နေရာ - ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဈေးပိုင်းရပ်ကွက်၊ ပဲခူးမြို့

(ဂ) တင်ဒါပိတ်မည့်အချိန် - ၃၁-၃-၂၀၂၁ ရက် ညနေ ၄နာရီ

၂။ အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၅၂-၂၂၀၁၇၉၉၊ ၀၅၂-၂၂၂၁၂၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်၊ တဘူးလှလက်ဝဲမြောင်းမကြီးရှိ ရေသိုး Steel Flume တည်ဆောက်ခြင်း အတွက် လုပ်ငန်းတင်ဒါခေါ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၃-၂၀၂၁ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၃-၂၀၂၁ ရက်(၁၆:၃၀) နာရီ တိတိ

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖုန်း- ၀၁- ၈၅၇၇၅၅၃၊ ၀၁- ၂၃၃၆၄၀၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် လုပ်ငန်းသုံး ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၁-၃-၂၀၂၁ ရက်မှ ၃၁-၃-၂၀၂၁ရက် (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ ပုံစံ နောက်ဆုံး တင်သွင်းရမည့်ရက် - ၂-၄-၂၀၂၁ ရက်(ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကိုထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် (ဖုန်း- ၀၉-၇၉၂၀၅၀၈၆၆)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

---

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ကျောက္ကာလမ်းနေ ဒေါ်စိုးစိုးမြင့်(ဘ)ဦးစိန်ဝင်း ၅/မရ န(နိုင်) ၀၅၁၁၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(ကျောက္ကာလမ်း-၆၇၊ စံပယ် လမ်း-၈၃)၊ ဧရိယာ(၀ဒသမ၂၂၀)ဧက အကျယ်အဝန်းရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးဖြစ်ပြီး အလားအလာမှာ-အရှေ့လားသော်-ဦးတော၊ အနောက်လားသော်-ဒေါ်မို့မို့မြင့်ဆွေ၊ တောင်လားသော်-ကျောက္ကာလမ်း၊ မြောက်လားသော်-စံပယ် လမ်းနယ် (၄)ရပ်အတွင်းရှိ ဝင်းမြေနှင့်ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိုးစိုးမြင့် ၅/မရန(နိုင်) ၀၅၁၁၀၉ မှ လက်ရှိ ထားနေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ နှစ်ပေါင်း (၄၀)နှစ်ခန့်ရှိပြီဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထား နေထိုင်ပိုင်ဆိုင်သူ ဒေါ်စိုးစိုးမြင့်က အရောင်း အဝယ်ပြုလုပ်မည်ဖြစ်ရာ အဆိုပါ ဝင်းမြေနှင့် ပတ်သက်ပြီး သက်ဆိုင်သည်ဆိုသော မည်သူမဆို မည်သို့သက်ဆိုင်ကြောင်း အထောက်အထားမှတ်တမ်းမှတ်ရာ အပြည့်အစုံနှင့်တကွ (၃၁-၃-၂၀၂၁)ရက်တွင် သက်ဆိုင်ရာ ဌာနများတွင် တရားဝင်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဖော်ပြပါနေ့ရက်တွင် တရားဝင်ကန့်ကွက်ခြင်း၊ တစ်စုံတစ်ရာမပြုပါက အထက်ဖော်ပြပါ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားနေထိုင်ပိုင်ဆိုင်သူ ဒေါ်စိုးစိုးမြင့်က အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပြီး ဝယ်ယူသူကလည်း ဖော်ပြပါ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ဆိုင်မှုကို ရရှိနိုင်ရန် သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စိုးစိုးမြင့်**
**၅/မရန(နိုင်)၀၅၁၁၀၉**
**ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့**

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**သန်းထွန်း**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၃၈၆၄/၈၆)**
**ဗဟိုမီးသတ်တောင်ဘက်၊ ကျောက္ကာလမ်း၊ အလယ်ရပ်၊ မုံရွာမြို့**

**အေးအေးဆွေ**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၈၇၅၁/၁၃)**
**လမ်းသွယ်(၅)၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့**

---

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## တာချီလိတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် (၁၅)နှင့် ဆက်စပ်သည့်
## ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၄

၁။ ဦးစိုင်းခမ်း နှင့် ဒေါ်အီခမ်းအွေ့
၂။ ဦးစိုင်းလုံ
ဒီကရီအနိုင်ရသူများ တရားရှုံး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ အိမ်အမှတ်(၀က/၂၆၆)နေ ဒေါ်အီခမ်းအွေ့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် (၁၅)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းခမ်း၊ ဦးစိုင်းလုံတို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မတ် ၄ရက် (တပို့တွဲ လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းအောင်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပူတာအိုခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - (၁)

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | နှင့် | ထင်ပေါ်ကျော်ကြားသော |
| အမှတ်(၂)သတ္တုတွင်း | | သတ္တုတူးဖော်ရေးကုမ္ပဏီ |
| သယံဇာတနှင့် သဘာဝ | | ၁။ ဦးထွန်းလင်း |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ | | ၂။ ဦးဗရင်းဗဟာဒူး |
| နေပြည်တော်(၎င်း၏ကိုယ်စား | | ၃။ ဦးဒူရ်ကာဗဟာဒူး |
| ဦးကျော်နိုင်လင်း | | ၄။ ဦးနာရ်ရေးဘာဘူ(ခ) |
| လက်ထောက်မန်နေဂျာ) | | အောင်ထွန်းလင်း |
| | | ၅။ ဦးဘူဒိဒါန်း |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပုံစံပါ တရားပြိုင်(၅)ဦးအနက်-

၁။ မိုးကုတ်မြို့မက်ကင်လမ်း၊ မြို့မရပ်ကွက်၊ အမှတ်(၃၂)နေ ဦးထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)

၂။ မိုးကုတ်မြို့၊ အမှတ်(၁-အေ/၃၈)၊ပေးဆော်(၁)လမ်း၊ဆော်လင်းဝင်းအုပ်စုနေ ဦးဒူရ်ကာဗဟာဒူး(ယခုနေရပ်လိပ်စာမသိ)

၃။ မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပြည်ကွန်ချမ်းသာရပ်ကွက်၊ အမှတ်(၇၈)၊ အကွက်(၅၂)၊ (၁၂လမ်းx၁၃လမ်း နှင့် ၈၁လမ်းx၈၂လမ်းကြား)နေ ဦးနာရ်ရေးဘာဘူ(ခ)ဦးအောင်ထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)တို့ (၃)ဦး သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ရွှေကြေးကျန် ၁၆.၈၈ ကျပ်သား (သို့) ကာလတန်ဖိုးငွေ ၁၉၉၄၅၄၀၈/- ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၊၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် မတ်လ ၃၀ ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ခါး)**
**ခရိုင်တရားသူကြီး**
**ပူတာအိုခရိုင်တရားရုံး**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မိုက်စု(မြောက်)ရပ်နေ ဦးကျော်ကျော်(ဘ)ဦးအောင်သောင်း ၉/ အမရ (နိုင်) ၁၁၄၈၀၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးကျော်ကျော်နှင့် ဒေါ်သဥ္ဇာရတနာ (ဘ)ဦးမောင်မောင်မြင့်တို့သည် လွန်ခဲ့သော (၄-၁၁-၂၀၁၀) ရက်က အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်သဥ္ဇာရတနာသည် ပထမအကြိမ် (၁-၁၂-၂၀၂၀)ရက်ကလည်းကောင်း၊ ဒုတိယအကြိမ်(၄-၂-၂၀၂၁) ရက်ကလည်းကောင်း မိသားစုဝင်များအား အသိပေးခြင်းမရှိဘဲ သားသမီးနှင့် ခင်ပွန်းဖြစ်သူတို့အား စွန့်ခွာထွက်သွားခဲ့ပါသည်။ ဒေါ်သဥ္ဇာရတနာသည် လေလံစုကြေးငွေ၊ မိသားစုပိုင်ငွေများနှင့် အခြားသူများထံမှ ငွေကြေးများကိုပါချေးယူ၍ နေအိမ်မှ ထွက်ခွာသွားခြင်းဖြစ်ကြောင်း ပြောပြသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်သဥ္ဇာရတနာအနေဖြင့် ၎င်းချေးယူသွားသော ငွေနှင့်လေလံစုကြေးငွေများအား ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ပေးဆပ် ဖြေရှင်းပေးပါရန်နှင့် ၎င်း၏ငွေကြေးအရှုပ်အရှင်းများအား ကျွန်ုပ်အမှုသည်မှ လုံးဝ (လုံဝ) ဖြေရှင်းပေးသွားမည် မဟုတ်ပါကြောင်းနှင့် လက်ခံထားသူကိုလည်း ဥပဒေနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကျော်ကျော်**
**(စဥ်-၁၄၀၃၃)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်လှိုင်(LL.B) ဒေါ်မီမီကျော်(LL.B)**
**(စဥ်-၁၀၄၆၇) တရားလွှတ်တော်ရှေ့နေများ**
**လေးစုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၅၉၀၈၈၆၅၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၈/ ဗိုလ်တဲရပ်)၊ ဦးပိုင်အမှတ်(၂/၂၈)၊ ဧရိယာ ၀ဒသမ ၁၃၂ ဧကအား ဦးကျိန်ဖုံးရှမ်း ၁၃/ သနန(နိုင်)၀၁၇၀၈၂ အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**သိန္နီမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၈/ ဗိုလ်တဲရပ်)၊ ဦးပိုင်အမှတ်(၂/၂၉)၊ ဧရိယာ ၀ဒသမ ၀၆၂ ဧကအား ဦးကျိန်ဖုံးရှမ်း၊ ၁၃/ သနန(နိုင်)၀၁၇၀၈၂ အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**သိန္နီမြို့**

---

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊အထက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည်(၇၈/ကွင်းရပ်)၊ ဦးပိုင်အမှတ်(၄၃ᵃ)၊ဧရိယာ ၀ဒသမ ၀၈၄ ဧကရှိမြေသည် မော်လမြိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က)တွင် ဒေါ်ငွေထိန် အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်ငွေထိန်မှ ဦးနေဝင်းအား ရောင်းချခဲ့ပါသည်။ ဦးနေဝင်းမှ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း အဆက် ဆက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း ၁၀/ မလမ(နိုင်)၁၇၅၂၉၀ အား ပြန်လည်ရောင်းချပြီးနောက် မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအိမ်နှင့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ (သို့မဟုတ်)မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးခင်မောင်မြင့်**
**တရားလွှတ်တော်ရှေ့နေ(စဥ်- ၂၈၂၄)**
**အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ် ရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း- ၀၉- ၈၇၀၀၇၄၉၊ ၀၉-၄၂၈၇၀၀၇၄၉**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## သွေးသည် အသက်

# “ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အခုလိုပြန်ရောက်လာခဲ့ရတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်”

စောထွန်းလှိုင်

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း မလေးရှားနိုင်ငံတွင် ကာလရှည်ကြာစွာ ပိတ်မိနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲများစွာ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်မှစစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် တင်ဆောင်ကာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်(Lumut) ဆိပ်ကမ်းမှထွက်ခွာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**မလေးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသူ အမျိုးသမီးတစ်ဦး**

တစ်နေ့အိမ်ပြန်မယ်ဆိုပြီး ကျွန်မတို့မိသားစုတွေ အားတင်းဖြတ်သန်းခဲ့ရပါတယ်။ Camp ၁၁ ခုရှိတဲ့ အထဲမှာ ကျွန်မတို့ရောက်ခဲ့တဲ့ Camp ကတော့ အဆိုးဆုံး Camp ဖြစ်ပါတယ်။ မြန်မာပြည်သား ယောကျာ်းတွေ ၁၀၀ လောက်နဲ့ မိန်းကလေး ၁၅ ယောက်လောက်



ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး။



ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး။

ကျန်နေပါသေးတယ်။ သူတို့ကို ကျွန်မတို့လို မခံစားရအောင် အမြန်ဆုံး ပြန်ခေါ်စေချင်ပါတယ်။ (၅)လ နေခဲ့ရတဲ့အချိန်မှာ အများကြီး စိတ်ဆင်းရဲမှုတွေ၊ ပင်ပန်းမှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါကြောင့် နောက်လူတွေ မခံစားရအောင် အမြန်ဆုံးပြန်ခေါ်စေချင်ပါတယ်။ အရင်တုန်းက သူများနိုင်ငံကို အလုပ်သွားလုပ်တာ နောင်တမရပါဘူး။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၈-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၀,၉၈၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၉၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၈၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်


၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့်အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိ တိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/ သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

| | | |
|---|---|---|
| တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၁၅၀၈/ ၀၆၇-၃၄၁၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄ |
| | | ၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃ |
| Email | - | office@e-mohs.gov.mm |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်



## လက်စတာအိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူခဲ့တဲ့ နည်းပြအာတီတာရဲ့ အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် (၂၆)အဖြစ် လက်စတာအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းက လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းအတွက် ဂိုးများကို လူးဝစ်၊ လာကာဇက်နှင့် ပီပီတို့က သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်နောက်ခံလူ လူးဝစ် လက်စတာအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆